ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး**

ဆဋ္ဌမနေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်**

**( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၃ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိအမျိုးသားလွှတ်တော်အစည်းအဝေးခန်းမတွင်ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ**။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၈.၆၉) ရာခိုင်နှုန်းရှိပြီးတက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာအစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက်၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။**
။လေးစားရပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ၂၃-၁၁-၂၀၁၆

ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင်ဖြစ်တဲ့ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ အေးရှားဖောင်ဒေးရှင်းအဖွဲ့နှင့်တွေ့ဆုံရန်။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ် သက်ထွန်းအောင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးအေးမင်းဟန်၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်အစည်းအဝေးတက်ရောက်ရန်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ မြန်မာနိုင်ငံ ဥဏ်ရည်မသန်စွမ်းပညာရေးညီလာခံတက်ရောက်။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေး။ မန်းတိုးရွှေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေးနှင့် ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၀)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၁၅)ဦးဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ(၂၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအား လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅)ဦးဖြစ်၍၊ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျွန်းများကို ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းအတွက် ငှားရမ်းထားခြင်းဖြင့် ဒေသခံပြည်သူများ အကျိုးဖြစ်ထွန်းပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် မည်ကဲ့သို့ စီမံခန့်ခွဲ ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**၉၄၇၄။** ။ ယခု တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခင်မောင်ဝင်းက တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျွန်းများကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းအတွက် ငှားရမ်းထားခြင်းဖြင့် ဒေသခံပြည်သူများ အကျိုးဖြစ်ထွန်းပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် မည်ကဲ့သို့ စီမံခန့်ခွဲ ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဒေါက်တာခင်မောင်ဝင်း၊တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)။**။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျွန်းများကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းအတွက် ငှားရမ်းထားခြင်းဖြင့် ဒေသခံပြည်သူများ အကျိုးဖြစ်ထွန်းပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် မည်ကဲ့သို့ စီမံခန့်ခွဲ ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

ကျွန်တော်တို့ တနင်္သာရီတိုင်းမှာဆိုရင် ကျွန်းပေါင်း(၈၀၀)ကျော်ရှိပါတယ်။ ဒီကျွန်းများဟာ ဆိုရင် သဘာဝတောတောင်နဲ့ ကမ္ဘာ့အဆင့်မီ သဲသောင်ပြင်များနှင့် ပင်လယ်ရေအောက်မှာလည်း အလွန် လှပပြီး ထူးခြားတဲ့ အမျိုးစုံလင်လှတဲ့ သန္တာကျောက်တန်းများရှိကြပါတယ်။ ဒီလို Tourist လုပ်ငန်းများ အတွက် ကမ္ဘာ့ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်တဲ့ ကျွန်းအများစု (၂၇)ကျွန်းခန့်ကို နှစ်(၅၀)၊ နှစ် (၇၀)ဂရန်သက်တမ်းဖြင့် ငှားရမ်းထားတယ်လို့ ကြားရပါတယ်။ ဒီကျွန်းတွေပေါ်မှာ ဟိုတယ်နဲ့ခရီးသွားလုပ်ငန်း လုပ်ကိုင်ရန်အတွက် လုပ်ပိုင်ခွင့်ရရန်လည်း ကြိုးပမ်းနေကြပါတယ်။ တချို့လည်း ခွင့်ပြုပြီး ဖြစ်တယ်လို့ ကြားသလို တချို့လည်း ခွင့်မပြုရသေးပါဘူး။ ခွင့်ပြုချက်ရပြီးသည်ဖြစ်စေ၊ မပြီးသည်ဖြစ်စေ လက်ရှိအခြေအနေမှာတော့ ဒီကျွန်းများကို ကန့်သတ်နယ်မြေသဖွယ်ပေါ့၊ ကြော်ငြာဆိုင်းဘုတ်တွေ စိုက်ထူပြီးတော့ ဒီဆိုင်းဘုတ်များမှာဆိုရင် ငါးမဖမ်းရ၊ ငါးမမျှားရ၊ ကျူးကျော်တက်ရောက် ဖြတ်သန်းသွား လာခြင်း ခွင့်မပြု၊ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ရေးထိုးထားတဲ့ ဆိုင်းဘုတ်တွေကို တပ်ထားကြပါတယ်။ ဒီလိုတပ်ထားတာကို တိုင်းအစိုးရအနေဖြင့် ဒါတွေကို ဖြုတ်ခိုင်းပေမယ့် လက်ရှိ အချိန်အထိ မဖြုတ်ဘဲ တပ်ထားတာကိုလည်း ရှိနေကြပါတယ်။ ကျွန်တော်တို့ ဒေသခံပြည်သူများ အနေနဲ့ဆိုရင် ဒီ ပင်လယ်ထဲ ငါးဖမ်းတဲ့အခါမှာ လှိုင်းလေကြီးတဲ့အခါမှာ ကျွန်းခိုရပါတယ်။ ဒီလိုကျွန်းခိုတဲ့အခါမှာ အခက်အခဲရှိလို့ သောက်ရေပြတ်လပ်တဲ့ အခါမှာလည်း ကျွန်တော်တို့ နီးရာကျွန်းတွေမှာ သောက်ရေတွေယူရတယ်။ ဒီလိုအချိန်ထဲမှာလည်း ဒီလိုအကန့်အသတ်တွေကြောင့် ကျွန်တော်တို့ ထိခိုက်နစ်နာနေရပါတယ်။

နောက်တစ်ချက်ကတော့ ဒီကျွန်းတွေကို ကျွန်တော်တို့က တစ်ဦးတည်းပိုင်အဖြစ် ခုနလိုပေးထားခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးရာလည်း

ရောက်တယ်လို့ယူဆတယ်။ နိုင်ငံတကာမှာလည်း ဒီလိုပေးလေ့မရှိပါဘူး။ ဒါကြောင့် ကျွန်တော့်အနေနဲ့ဆိုရင် ကျွန်တော်တို့ ကျွန်းသူ၊ ကျွန်းသားတွေ၊ ဒေသခံပြည်သူတွေအတွက်လည်း ခုနလို ဒီလုပ်ငန်းတွေအတွက်ကို ပူးပေါင်းလုပ်ဆောင်နိုင်ဖို့ လုပ်ငန်းအခွင့်အရေးတွေ ရဖို့၊ C.B.C နော်၊ ဒေသခံပိုင်တဲ့ ဒီခရီးသွားလုပ်ငန်းတွေကိုလည်း များများ အကောင်အထည်ဖော်ထုတ်ပေးဖို့ လိုအပ်နေသလို၊ကျွန်တော်တို့ကျွန်းများရဲ့သယံဇာတဖြစ်တဲ့ သစ်တောတွေရော၊ ရေအောက်သယံဇာတတွေဖြစ်တဲ့ သန္တာကျောက်တန်း +++++++ (သြဘာသံများ)

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၁။**

**ဦးအုန်းမောင်(ပြည်ထောင်စုဝန်ကြီး၊ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ကျွန်တော် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် မှ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဒီကနေ့ အစည်းအဝေးမှာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်း မေးမြန်းထားတဲ့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျွန်းများကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းအတွက် ငှားရမ်းထားခြင်းနဲ့ ဒေသခံပြည်သူများ အကျိုးဖြစ်ထွန်းပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းများအား တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံတောင်ဘက်စွန်းတွင်တည်ရှိပြီး သဘာဝမှပေးအပ်ထားသော ရှည်လျားသည့်ကမ်းရိုးတန်းနဲ့ ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရန် စိတ်ဝင်စားသည့် သဘာဝအတိုင်းတည်ရှိနေသော ကျွန်းများ၊ သဲသောင် ကမ်းခြေများ၊ ရေအောက်သဘာဝ ရှုခင်းအလှများနဲ့ မော်ကင်း (ဆလုံ)လူမျိုးတို့၏ စိတ်ဝင်စား စရာ ရိုးရာဓလေ့ လူနေမှုပုံစံများ အစရှိသည့် သဘာဝနှင့်ယဉ်ကျေးမှု အမွေအနှစ်များ ရရှိထားတဲ့ တိုင်းဒေသကြီးဖြစ်ပြီး အနာဂတ်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နိုင်မည် ဖြစ်သော ဒေသတစ်ခုဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် စာချုပ်ချုပ်ဆိုပြီးဖြစ်သည့် ကျွန်း(၁၂)ကျွန်းရှိပြီး သူဌေးကျွန်းနှင့် ရတနာ ကျွန်း(၂)ကျွန်းသည် ၁၉၉၂ နဲ့ ၁၉၉၈ ခုနှစ်များတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့်

လည်းကောင်း၊ ကျန်ရှိသည့် ကွင်း(၁၀)ကွင်းအနက် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ (၃)ကွင်း၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ (၇)ကွင်းတို့သည် ၂၀၁၃ ခုနှစ်မှစတင်ကာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်လည်းကောင်း စာချုပ်ချုပ်ဆို၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့်ကုမ္ပဏီ(၂)ခုမှငှားရမ်းမည့်ကွင်း(၂)ကွင်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုလွှာ တင်ပြဆောင်ရွက်ဆဲဖြစ်ပြီး စိစစ်ဆောင်ရွက်ဆဲဖြစ်သည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်မည့် ကုမ္ပဏီ (၂၂)ခုမှ ငှားရမ်းမည့်ကွင်း (၂၂)ကွင်းအား တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီစဥ်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ ကွင်းများတွင် ဟိုတယ်နှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ၎င်းလုပ်ငန်းများကို အခြေပြု၍ ဒေသခံများအတွက် အလုပ်အကိုင်နဲ့ ဝင်ငွေ အခွင့်အလမ်းများ ပေါ်ပေါက်လာစေနိုင်တဲ့အပြင် ရင်းနှီးမြှုပ်နှံမှုများမှ ရရှိလာမယ့် မြေအသုံးပြုမှု အာမခံကြေးများ၊ နှစ်စဥ်မြေငှားရမ်းခများ၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အခွန်တံဆိပ်ခေါင်း ရောင်းချရငွေများ၊ ဟိုတယ်လိုင်စင်ကြေးများနှင့် ဝင်ငွေခွန်များစသည့် စည်းကြပ်ကောက်ခံရရှိသည့် ဝင်ငွေများအပြင် နိုင်ငံခြားသားခရီးသွားဧည့်သည်ဝင်ရောက်မှုများမှ ရရှိလာမည့်ဝင်ငွေများဖြင့် နိုင်ငံတော်၏စီးပွားရေးကို အထောက်အကူပေးနိုင်မည်ဖြစ်ပြီး ရရှိသည့်ဝင်ငွေများမှ ဒေသအတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးခြင်းအားဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း လူမှုစီးပွားဘဝများနှင့် တစ်ဦးချင်းဝင်ငွေ တိုးတက်မြင့်မားလာနိုင်မှာ ဖြစ်ပါတယ်။

တစ်ဖက်မှာလည်း ပင်လယ်ပြင်ကွင်းများ၌ ဟိုတယ်နှင့် ခရီးသွားလာလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကာကွယ်နိုင်ရေးအတွက် လုပ်ကိုင်ခွင့်ရသူသည် စာချုပ်ပါ ငှားရမ်းခွင့် အသုံးပြုခွင့်ရသည့် မြေဧရိယာတစ်ခုလုံးကို မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပတ်ဝန်းကျင်၏ ရေထု၊ လေထုများအား သတ်မှတ်ထားတဲ့ စံနှုန်းများထက် ကျော်လွန်၍ ညစ်ညမ်းမှုမရှိအောင် ထိန်းသိမ်းခြင်း၊ တောတောင်ရေမြေဂေဟ စနစ်များ မထိခိုက် မပျက်စီးအောင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ကို ပြုလုပ်ရမယ့်အပြင် ရေဆိုးစွန့်ပစ်ခြင်း၊ စွန့်ပစ်အမှိုက်များနှင့် အညစ်အကြေးများကို စနစ်တကျသိမ်းဆည်းရန် စီမံဆောင်ရွက်ခြင်း၊ သန့်စင်စနစ်များဖြင့် ဆောင်ရွက်ခြင်းတို့ကို အမြဲမပြတ်ဆောင်ရွက်ကာ သဘာဝပတ်ဝန်းကျင်အား မထိခိုက်အောင် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်းစာချုပ်များတွင် အတိအလင်းဖော်ပြထားပါတယ်။ အဆိုပါ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်မှု ရှိ/မရှိကို သက်ဆိုင်ရာဌာနများမှ စိစစ်ဆောင်ရွက် ကြပ်မတ်လျက်ရှိပါကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကွင်းများကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းအတွက် ငှားရမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ စိစစ်ခွင့်ပြုပြီး ဗဟိုကော်မတီနဲ့ တိုင်းဒေသကြီး လုပ်ငန်းအဖွဲ့တို့မှ ဥပဒေနှင့်အညီ

ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုံခြုံရေးအတွက် တနင်္သာရီရေတပ်စခန်းဌာနချုပ်၊ ပင်လယ်ပြင်စိုးမိုးရေးတပ်၊ မြန်မာနိုင်ငံရေတပ်ဖွဲ့နှင့် ရေကြောင်းရဲတပ်ဖွဲ့တို့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဖြေကြားထားရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တည်ရှိဆဲ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေး ဥပဒေ ၁၉၉၃ ပါအခန်း(၂)ရှိ ရည်ရွယ်ချက်များအနက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကြောင့် ရေ၊ မြေ၊ တောတောင် သဘာဝအလှများ ထိခိုက်ပျက်စီးမှု မရှိစေရန်ကိုလည်း ရည်မှန်းချက်တစ်ရပ်အဖြစ် ထည့်သွင်းဆောင်ရွက်ထားရှိပါတယ်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အနေဖြင့် ကျွန်းများပေါ်တွင်သာမက မည်သည့်နေရာတွင်မဆို ဟိုတယ်လုပ်ငန်းများလုပ်ကိုင်ခွင့်ပြုရာတွင် တည်ဆဲမြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေး ဥပဒေ ၁၉၉၃ နှင့် လိုင်စင်ဆိုင်ရာ စည်းကမ်းချက်များနှင့်အညီသာ လုပ်ငန်းရှင်အား ခွင့်ပြုသည့် မြေနေရာ၌ ဟိုတယ်တည်ဆောက်ပြီး ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန်သာ ခွင့်ပြုထားခြင်း ဖြစ်ပြီး ဟိုတယ်ပရဝဏ်အပါအဝင် ငှားရမ်းထားသောမြေဧရိယာနှင့် စပ်လျဉ်း၍ မည်သို့ထားရမည်၊ မည်သို့ကန့်သတ်ရမည်ဆိုသည့်အချက်များကို ညွှန်ကြားထားခြင်းမရှိပါ။ ၎င်းတို့ငှားရမ်းထားသော မြေဧရိယာအား ရယူဆောင်ရွက်မှုသည် လုပ်ငန်းရှင်များနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ မြေငှားရမ်းသဘောတူညီမှုပါ စည်းကမ်းချက်များနှင့်အညီသာ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ထို့အပြင် ဟိုတယ်နဲ့ ခရီးသွားလာရေးဝန်ကြီးဌာနသည် ဤသို့သော ပင်လယ်ကမ်းခြေအပန်းဖြေနေရာများတွင် ဟိုတယ်လုပ်ငန်းဆောင်ရွက်ရာ၌ အများပြည်သူအသုံးပြုနိုင်မှု ရှိစေရေးအတွက်လည်း အများပြည်သူအတွက် ကမ်းခြေဆင်းလမ်းများ ချန်လှပ်ဆောင်ရွက်ရန် ၁-၁-၂၀၁၅ ရက်နေ့က ထုတ်ပြန်ခဲ့သော ဤဝန်ကြီးဌာန၏ ကမ်းခြေဒေသရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ရန် အမိန့်ကြော်ငြာစာ (၂/၂၀၁၅) ၏ အပိုဒ်၂တွင် ထည့်သွင်းသတ်မှတ်ထားပါတယ်။ လက်ရှိအနေဖြင့်လည်း ငပလီကမ်းခြေတွင် အများပြည်သူသုံး ပင်လယ်ဆင်းလမ်းများကို ဒေသ အာဏာပိုင်အဖွဲ့၊ ရပ်မိရပ်ဖ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ညှိနှိုင်းတိုင်ပင်၍ လုံလောက်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျွန်းများကို ငှားရမ်းပြီး ဟိုတယ် လုပ်ငန်းဆောင်ရွက်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြလာ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဤဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်များ တောင်းခံ လာတိုင်း၌လည်း တည်ဆောက်မည့်ဟိုတယ်၊ အခန်းအရေအတွက်နှင့် Site Plan အရ ငှားရမ်းမည့် ဧရိယာကို တိကျစွာ သတ်မှတ်ငှားရမ်းရန်၊ ကျွန်းတစ်ကျွန်းလုံး ငှားရမ်းခြင်းဖြင့် ဖြစ်ပေါ်လာမည့်ကောင်းကျိုး၊ ဆိုးကျိုးများအား သုံးသပ်ရန်၊ လိုအပ်နိုင်မည့် မြေဧရိယာကိုသာ ငှားရမ်းရန် သဘောထားများ အကြံပြု ပြန်ကြားပေးပါတယ်။

၎င်းအပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုထားပြီးဖြစ်သော ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကိုလည်း ဤဝန်ကြီးဌာနမှ ကွင်းဆင်းစစ်ဆေးပြီး ဓာတ်ပုံမှတ်တမ်းများနှင့်တကွ ၁၈-၁၁-၂၀၁၅ ရက်နေ့တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အစီရင်ခံ တင်ပြထားတာလည်း ရှိပါတယ်။ ယခုအချိန်အထိ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ

ကျွန်းများတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ ဆောင်ရွက်ရန် အဆိုပြုတင်ပြလာသောကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင် သဘာဝအလှအပ မပျက်စီးရေး၊ ရေအောက်သန္တာကျောက်တန်းများ မပျက်စီးရေး၊ ဤကျွန်းများကို အခြေပြု၍ ဒေသခံများ အကျိုးစီးပွားဖြစ်ထွန်းသော ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ရှေးရှုပြီး ဆောင်ရွက်သင့်သည်များကို အကြံပြုပေးလျက်ရှိပါတယ်။

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၁-၄-၂၀၁၁ ရက်နေ့မှ ယနေ့အထိ ဒေသဆိုင်ရာဧည့်လမ်းညွှန်သင်တန်း (၃)ကြိမ်ကို သင်တန်းသားဦးရေ (၂၈၆)ဦးဖြင့်လည်းကောင်း၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်း(၉)ကြိမ်ကို သင်တန်းသားဦးရေ (၆၈၉)ဦးဖြင့်လည်းကောင်း ဖွင့်လှစ်သင်ကြားပေးခဲ့ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ စနစ်တကျ တိုးတက်လာစေရန် သက်ဆိုင်ရာဒေသအာဏာပိုင်၊ လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အောက်ပါ ဦးစားပေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ပါတယ်။ (က) သယ်ယူ ပို့ဆောင်ရေးစနစ်ကောင်းမွန်ခြင်း၊ ယာဉ်၊ ရေယာဉ်၊ Speed Boat များ လွယ်ကူ လျင်မြန်စွာ တင်သွင်းခွင့်ပြုခြင်း၊ လေဆိပ်၊ ရေဆိပ်များ တိုးချဲ့ တည်ဆောက်ခြင်း၊ (ခ) Marina Based Camp များတည်ဆောက်ရန် လိုအပ်ခြင်း၊ (ဂ) ဆက်သွယ်ရေးစနစ်ကောင်းမွန်ခြင်း၊ မိုဘိုင်းဖုန်းနှင့် ဆက်သွယ် ရေးစနစ်များ၊ (ဃ) လုံခြုံရေးအစီအစဉ် ကောင်းမွန်ခြင်း၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း ဒေသအလိုက် ကြိုတင်ဆောင်ရွက်ရန် လိုအပ်ပါတယ်။ (င) လူ့စွမ်းအားအရင်းအမြစ် များဖွံ့ဖြိုးတိုးတက်ရေး၊ ဟိုတယ်ဆိုင်ရာသင်တန်းများ၊ ဒေသခံဧည့်လမ်းညွှန်သင်တန်းများအပြင် IT နှင့် ဘာသာရပ်ဆိုင်ရာသင်တန်းများ၊ နိုင်ငံတကာအသိအမှတ်ပြု Scuba Diving သင်တန်းများ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ (စ) နယ်စပ်ဒေသဆက်စပ်နိုင်ငံများ၏ ခရီးသွားလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများအား သိရှိရန် လေ့လာရေးခရီးစဉ်များ စေလွှတ်ခြင်း၊ (ဆ) တနင်္သာရီတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ဒေသဆိုင်ရာ Website ထူထောင်ခြင်း၊ (ဇ) နိုင်ငံခြားသားများ ဝင်/ထွက် သွားလာမှု အဆင်ပြေလွယ်ကူစေရန်ဆောင်ရွက်ခြင်း၊ (ဈ) ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းနှင့်ပတ်သက်သော ရင်းနှီးမြှုပ်နှံမှုတိုးတက်လာစေရန် လိုအပ်သောဖြေလျှော့မှုများဆောင်ရွက်ပေးခြင်း။ မိမိတို့ဝန်ကြီးဌာနအနေနဲ့ မြိတ်ကျွန်းစုခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် UNESCO ရဲ့ အကြံဉာဏ်ရယူပြီး ၎င်းဒေသအတွင်း တည်ရှိနေသော ကျွန်းပေါင်း(၈၀၀)ကျော်အနက်မှ ကျန်ကျွန်းစုများကို ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ အနှောင့်အယှက်မဖြစ်စေဘဲ Ecotourism ဖွံ့ဖြိုးသောဒေသအဖြစ် တိုးတက်လာစေရန် အခြားဝန်ကြီးဌာနများ၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရတို့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

သို့ဖြစ်ပါ၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မူလသဘာဝမပျက် အင်မတန်မှ လှပပြီး ယနေ့အထိ ဧည့်သည်အလာနည်းနေသေးသော ကျွန်းများကို နောင်လာနောက်သားများ၊ ဒေသခံများအတွက် ရေရှည်တည်တံ့ပြီး အကျိုးကျေးဇူးများ ရေရှည်ခံစားနိုင်ရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ အဖိုးတန်ရေမြေ သဘာဝအရင်းအမြစ် (Tourism Resources)အဖြစ်တန်ဖိုးထားကာ အခွင့်သာတိုင်း အကြံပြုထိန်းသိမ်းပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်းနဲ့နောင်တွင်လည်းလိုအပ်သည်များကို သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၊အခြားဝန်ကြီးဌာနများနဲ့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ရွာဟောင်းတောကျေးရွာအုပ်စု၊ မောင်သာကုန်းကျေးရွာရှိလယ်သမား(၆)ဦးပိုင် လယ်ယာမြေ (ကွင်းအမှတ်-၈၈၉ ဂျီ)ကို မြောက်ဦးအခြေစိုက် အမှတ်(၃၇၈) ခြေမြန်တပ်ရင်းက သိမ်းဆည်းထားခြင်းကို မူလပိုင်ရှင်လယ်သမားများထံသို့ တရားဝင် ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်က ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ရွာဟောင်းတောကျေးရွာအုပ်စု၊ မောင်သာကုန်းကျေးရွာရှိ လယ်သမား(၆)ဦးပိုင် လယ်ယာမြေ (ကွင်းအမှတ်-၈၈၉ ဂျီ)ကို မြောက်ဦးအခြေစိုက် အမှတ်(၃၇၈) ခြေမြန်တပ်ရင်းက သိမ်းဆည်းထားခြင်းကို မူလပိုင်ရှင် လယ်သမားများထံသို့ တရားဝင် ပြန်လည် လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံးမင်္ဂလာပါ။ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးကျော်ကျော် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးထားတဲ့မေးခွန်းနဲ့ပတ်သက်လို့ အကြောင်းအကျိုးကို ကျွန်တော် ဆွေးနွေးတင်ပြပေးပါမယ်။ မြောက်ဦးမြို့ အခြေစိုက်အမှတ်(၃၇၈) ခြေမြန်တပ်ရင်းမှ မောင်သာကုန်းကျေးရွာနေ လယ်သမား(၆)ဦးပိုင်ဆိုင်တဲ့ (ကွင်းအမှတ်-၈၈၉ ဂျီ)ကို ၁၉၉၇-၁၉၉၈ ခုနှစ်ကစပြီး သိမ်းဆည်းခဲ့ပါတယ်။ မူလပိုင်ရှင်လယ်သမားများကို သီးစားချစနစ်နဲ့ စိုက်ပျိုးလုပ်ကိုင်စေခဲ့ပါတယ်။ ဒီ လယ်မြေတွေဟာ မြို့ရဲ့အရှေ့ဘက် (၄)မိုင်ခန့်အကွာမှာရှိပါတယ်။ အမှတ်(၃၇၈) ခြေမြန်တပ်ရင်းကတော့ မြို့ရဲ့တောင်ဘက် (၃)မိုင်အကွာမှာ ရှိပါတယ်။ ဒါကြောင့် အဆိုပါလယ်မြေတွေဟာ တပ်နဲ့ တစ်ဆက်တစ်စပ်တည်းရှိနေတဲ့လယ်မြေတွေ မဟုတ်ပါဘူး။ မူလ လယ်ပိုင်ရှင်များဟာ မိမိလယ်မြေများကို တရားဝင် လွှဲပြောင်းခံရမှု မရှိသေးတဲ့အတွက် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ပုံစံ(၇)ကို ထုတ်ယူနိုင်ခွင့် မရှိပါဘူး။ ပုံစံ(၇) မရှိတာကြောင့် နိုင်ငံတော်မှ

စိုက်ပျိုးရေးစရိတ်ချေးငွေကို ရယူနိုင်ခြင်း မရှိပါဘူး။ အပြင်မှာ အတိုးနှုန်းကြီးကြီးပေးပြီးတော့ ချေးယူလုပ်ကိုင်နေကြရပါတယ်လို့ သိရပါတယ်။

ဖော်ပြပါ လယ်သမား(၆)ဦးတို့ဟာ သီးစားခ ပေးရတယ်။ အတိုးကြီးကြီးနဲ့ ငွေချေးရတာရယ်တို့ကြောင့် အကြွေးထူပြီး ဆင်းရဲကျပ်တည်းမှုကို အဲဒီဒဏ်ကို ခံစားနေကြရပါတယ်။ သို့ဖြစ်ပါ၍ သီးစားချစနစ်ဖြင့် သိမ်းဆည်းခံထားသော (ကွင်းအမှတ်-၈၈၉ ဂျီ)လယ်ယာမြေအား တပ်မှ စွန့်လွှတ်ကာ မူလပိုင်ရှင် လယ်သမား(၆)ဦးထံသို့ ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာနဲ့ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၈။**

**ဗိုလ်ချုပ်မြင့်နွယ် (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကျော်ကျော် ၏ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ရွာဟောင်းတောကျေးရွာအုပ်စု၊ မောင်သာကုန်းကျေးရွာရှိ လယ်သမား(၆)ဦးပိုင် လယ်ယာမြေ(ကွင်းအမှတ်-၈၈၉ဂျီ)ကို မြောက်ဦးအခြေစိုက်အမှတ်(၃၇၈) ခြေမြန်တပ်ရင်းကသိမ်းဆည်းထားမှုကို မူလပိုင်ရှင်လယ်သမားများထံသို့ တရားဝင်ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းပါမြေနေရာဟာအမှတ်(၃၇၈) ခြေမြန်တပ်ရင်းနဲ့ (၇)မိုင်ခန့် ဝေးကွာပြီး ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ မောင်သာကုန်းကျေးရွာအနီးရှိ အမှတ်(၃၇၈) ခြေမြန်တပ်ရင်းအမည်ဖြင့် (လန-၃၉) ခွင့်ပြုမိန့် ရရှိခဲ့ပြီးဖြစ်သည့် တပ်ဧရိယာပြင်ပ စိုက်ပျိုးမြေ (၆၃.၀၉)ဧကအတွင်းပါဝင်ကြောင်း၊ မြေသိမ်းဆည်းရေး ဆောင်ရွက်စဉ်က ဦးပိုင်ပေါက်တောင်သူအမည်စာရင်းများမပါရှိခြင်း၊ အခိုင်အမာ အဆောက်အဦများနှင့် စပါး၊ နှစ်ရှည်သီးပင် စိုက်ပျိုးထားရှိမှု မရှိခြင်းတို့ကြောင့် လျော်ကြေးငွေပေးချေရန်မလိုကြောင်း မြောက်ဦးမြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ထောက်ခံချက် အထောက်အထားများကိုလည်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါ တပ်ပြင်ပလယ်မြေ(၆၃.၀၉)ဧကအနက် လယ်မြေ(၃၁.၉၅)ဧကအား ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အထိ အသနားခံတင်ပြသူတောင်သူ(၆)ဦးကို အခမဲ့လုပ်ကိုင်ခွင့်ပြုခဲ့သော်လည်း လက်ရှိတွင် အဆိုပါလယ်မြေ(၆၃.၀၉)ဧကအား

တပ်မိသားစုသက်သာချောင်ချိရေးအတွက်
တပ်ရင်းမှကိုယ်တိုင်စပါးစိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်းကိုလည်း စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး၏မေးခွန်းပါ မြေနေရာသည် အမှတ်(၃၇၈) ခြေမြန်တပ်ရင်းအမည်ဖြင့် (လန-၃၉) ခွင့်ပြုမိန့် ရရှိခဲ့ပြီးဖြစ်သည့် တပ်ဧရိယာပြင်ပ စိုက်ပျိုးမြေ(၆၃.၀၉)ဧကအတွင်း ပါဝင်လျက်ရှိသည့်အပြင် လက်ရှိတွင်လည်းတပ်မှ ကိုယ်တိုင်စပါးစိုက်ပျိုး လုပ်ကိုင်လျက်ရှိသည့် စိုက်ပျိုးမြေဖြစ်ခြင်းကြောင့် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်း မရှိပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် (၄)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ ရေးမြို့တွင် ချောင်းရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးလုနီးပါးဖြစ်နေသည့် ရေးမြို့ကမ်းနားလမ်းရှိ ကျောက်စီမြေထိန်းနံရံနှင့် ကမ်းနားလမ်းအား ပြည်ထောင်စုအစိုးရမှ ပြင်ဆင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း က မွန်ပြည်နယ်၊ ရေးမြို့တွင် ချောင်းရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးလုနီးပါးဖြစ်နေသည့် ရေးမြို့ကမ်းနားလမ်းရှိ ကျောက်စီ မြေထိန်းနံရံနှင့် ကမ်းနားလမ်းအား ပြည်ထောင်စုအစိုးရမှ ပြင်ဆင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးမျိုးဝင်း၊မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများနဲ့ အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်အမှတ်(၈)မဲဆန္ဒနယ်မြေက အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အား Power Point ဖြင့် တင်ပြ မေးမြန်းခွင့် ပြုပါရန် ဥက္ကဋ္ဌကြီးအား လေးစားစွာ ခွင့်တောင်းခံအပ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ချောင်းရေတိုက်စားလို့ ပြိုကျလုနီးပါးဖြစ်နေတဲ့ ကျွန်တော့်မဲဆန္ဒနယ် ရေးမြို့က ကမ်းနားလမ်းနဲ့ ကျောက်စီ မြေထိန်းနံရံကို ကူညီတည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ ပတ်သက်တဲ့ မေးခွန်းပဲဖြစ်ပါတယ်။ အဲဒီလမ်းကတော့ ကျွန်တော်တို့ ရွှေဆိုင်မိသားစုလှူဒါန်းငွေနဲ့ ဆောက်ထားတဲ့လမ်းဖြစ်ပါ တယ်။ ဒါက ၁၉၆၉ ခုနှစ်၊ ရေး မီးလောင်ပြီးအချိန်က ရိုက်ထားတဲ့ပုံပါ။ မြင်ရတဲ့လမ်းက အရင်ကမ်းနားလမ်းပါ။

အနီးနဲ့ ပြထားတဲ့ဟာက သိန်း(၁၀၀၀)ကျော် အကုန်အကျခံပြီး ကိုယ်ထူကိုယ်ထ ဖောက်လုပ်ခဲ့တဲ့ လက်ရှိကမ်းနားလမ်းနေရာ ဖြစ်ပါတယ်။ အရင်က ကျွန်တော်တို့က ရွံ့ဗွက်နေရာကို သစ်သားချောင်းတွေ ပိုင်ရိုက် ကျောက်စီ မြေထိန်းနံရံလုပ် မြေဖိပြီးတော့ လမ်းလုပ်ခဲ့ရပါတယ်။ အစိုးရဆီက အကူအညီမရခဲ့လို့ ရေရှည် မခိုင်ခံ့ပါဘူး။ ဒါကတော့ ရေးချောင်းပါ။ ပင်လယ်ဒီရေ အတက်အကျ ရှိတဲ့အတွက် ရေကျရင် ရေစီးကြောင်းက ကမ်းပါးကို ထိုးပါတယ်။ ရေတက်ရင်လည်း အဲဒီနေရာကိုပဲ ထပ်ထိုးပါတယ်။ ဒါကြောင့် မြေထိန်းနံရံဟာ ကွန်ကရစ်ပိုင် မရိုက်ထားတော့ မခိုင်ခံ့ဘဲနဲ့ အောက်ကို နစ်ဝင်ပါတယ်။

အခုပုံက ပထမလုပ်ထားပြီး နိမ့်ဆင်းသွားတဲ့ ကျောက်စီနံရံပေါ်မှာ နောက်ထပ် နံရံအသစ် တစ်ခုကို ထပ်တင်ထားတာဖြစ်ပါတယ်။ ဒီပုံကတော့ ချောင်းဘက်ကို လျှောထွက်သွားတဲ့ နံရံကို ဘေးတိုက်မြင်ရတာပါ။ ဒီပုံကို ကြည့်ရင်တော့ ရေးချောင်းရဲ့ သဘာဝအလှကို ခံစားကြည့်ရှုရင်း လေကောင်းလေသန့် ရှူရှိုက်လို့ကောင်းမယ့်နေရာတစ်ခုအဖြစ် မှတ်ယူရပါတယ်။ လက်တွေ့မှာတော့ ကွန်ကရစ်ခင်းတွေ ကျွံကျ၊ အောက်ဘက်ကကြည့်လိုက်ရင် ကွန်ကရစ်ဒေါက်တိုင်တွေနဲ့ ပြိုမကျအောင် ကျားကန်ထားရလို့ အန္တရာယ်ကြီးတဲ့နေရာတစ်ခု ဖြစ်နေပါတယ်။ ဒါက လမ်း တဖြည်းဖြည်းနိမ့်လာလို့ ရေတက်ရက်တွေမှာ လမ်းမြုပ်နေတဲ့မြေပုံ ဖြစ်ပါတယ်။ ဒီပုံကတော့ လမ်းဟာ ချောင်းဘက်ကို နိမ့်ဆင်းသွားတာကို ပြတဲ့ပုံဖြစ်ပါတယ်။ ဒီမြေထိန်းနံရံနဲ့လမ်းကို ပြုပြင်လိုက်ခြင်းအားဖြင့် ဈေးအရှေ့ ဘုရင့်နောင်လမ်း ယာဉ်ကြောကြပ်ခြင်းကို အထိုက်အလျောက် ဖြေရှင်းပေးနိုင်တဲ့အပြင် မြို့သူ/မြို့သား တွေ အနားယူအပန်းဖြေစရာနေရာတစ်ခုလည်း ဖြစ်လာမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းကြီးက မြို့နေပြည်သူများနဲ့ရော စည်ပင်သာယာအဖွဲ့ကပါ ငွေကြေးအရလည်းကောင်း၊ နည်းပညာအရလည်းကောင်း မလုပ်နိုင်တဲ့လုပ်ငန်းတစ်ခုဖြစ်တာကြောင့် အထက်ပါမေးခွန်းကို ပြည်သူများကိုယ်စား အကူအညီတောင်းခံတဲ့အနေနဲ့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

ရေးမြို့ကမ်းနားလမ်း ကျောက်စီမြေထိန်းနံရံ မြင်ကွင်းပုံ (ဆ)



ကျွံဝင်သွားသော မြေထိန်းနံရံပေါ်တွင် နံရံအသစ်ထပ်၍ဆင့်ထားသော မြင်ကွင်းပုံ (ဆ-၁)



ပြိုမကျစေရန် ဒေါက်နဲ့ကန်ထားသော မြင်ကွင်းပုံ (ဆ-၂)



**ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ နောင်မွန်းမြို့ လေယာဉ်ကွင်း မွမ်းမံပြင်ဆင်နေခြင်းကို မည်သည့်အချိန်တွင်ပြီးစီး၍ ခရီးစဉ်စတင်ပြေးဆွဲနိုင်မည်ကို သိရှိလိုခြင်းနှင့် ခေါင်လန်ဖူးမြို့နယ်တွင် သင့်လျော်သောနေရာ၌ လေယာဉ်ကွင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂျေယောဝူ က ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ နောင်မွန်းမြို့ လေယာဉ်ကွင်း မွမ်းမံပြင်ဆင်နေခြင်းကို မည်သည့်အချိန်တွင်ပြီးစီး၍ ခရီးစဉ် စတင်ပြေးဆွဲနိုင်မည်ကို သိရှိလိုခြင်းနှင့် ခေါင်လန်ဖူးမြို့နယ်တွင် သင့်လျော်သောနေရာ၌ လေယာဉ်ကွင်းတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။


**အချိန်၊ ၁၀း၃၄။**

**ဦးဂျေယောဂူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား Power Point အနည်းငယ်ဖြင့် မေးမြန်း တင်ပြခွင့်ပြုပါရန် ပန်ကြားလိုပါတယ်ခင်ဗျား။ ကျွန်တော် ကိုယ်စားပြုလျက်ရှိသော ပူတာအိုခရိုင်ရှိ နောင်မွန်းမြို့နယ်နှင့် ခေါင်လန်ဖူးမြို့နယ်မှာ မြန်မာနိုင်ငံ၏ အဝေးလံဆုံးနှင့် အခေါင်ဖျားဆုံး မြောက်ဘက်စူးစူးရှိသော မြို့နှစ်မြို့ ဖြစ်ပါတယ်။ နောင်မွန်းမြို့နယ်သည် ပန်နန်းဒင်မြို့နယ်ခွဲနှင့် ပေါင်းပါက ညီအစ်ကို ရဝမ်၊ တိဘက်နှင့် လီဆူး တိုင်းရင်းသားများ ၂၀၁၄ သန်းခေါင်စာရင်းအရ လူဦးရေစုစုပေါင်း(၇၀၀၀)ကျော် မှီတင်းနေထိုင်လျက်ရှိကြပါတယ်။ ပူတာအိုမှ (၇၅)မိုင်၊ မချမ်းဘောမှ (၆၂)မိုင်ကွာဝေးပြီး ကိုယ့်ဝန်ကိုယ်ထမ်းပြီး လမ်းလျှောက်ပါက (၅)ရက်ခရီး ကြာမြင့်ပြီး ဖြတ်လမ်း ဘာဘုလုံထန်တောင်မှ လျှောက်ပါက (၃)ရက်ခရီး နှင်ရပါတယ်။

လွန်ခဲ့သော ဒီမိုကရေစီအစိုးရသက်တမ်းမှ အစိုးရ၊ လွှတ်တော်၊ ပြည်သူများ၏ ကြိုးစားအားထုတ်မှုကြောင့် နောင်မွန်းမြို့ရှိ (၃၀)ပေ ကျောက်ခင်းလမ်း ပြီးဆုံး၍ ရပ်ဘော့- လဘ့လန်ထု- ကဆန်ချောင်းကူးတံတား ပြီးဆုံးပါက နောင်မွန်းမြို့သို့ ကားများ ရောက်ရှိနိုင်တော့မှာ ဖြစ်ပါတယ်။ နွေရာသီများနဲ့ အခုဆိုရင် ဆိုင်ကယ်များ နောင်မွန်းမြို့သို့ ရောက်ရှိနိုင်ပြီဖြစ်၍သော်လည်းကောင်း၊ ၂၀၁၃-၂၀၁၄ မှစ၍ ယခင် ၁၉၈၀ ၌ ပြေးဆွဲခဲ့သော လေယာဉ်လမ်းအား လေယာဉ်လမ်းသစ်အဖြစ် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနမှ တည်ဆောက်မွမ်းမံပေးလျက်ရှိသောကြောင့် ဒေသခံပြည်သူများ ဝမ်းသာ ကျေးဇူးတင်မဆုံးဖြစ်နေကြပါတယ်။ အလားတူပင် ပူတာအိုမှ (၁၃၀)မိုင်၊ နောင်မွန်းမှ(၇၅)မိုင် ကွာဝေးသော ခေါင်လန်ဖူးမြို့နယ်တွင်လည်း လူဦးရေ(၁၈၀၀၀)ကျော် နေထိုင်လျက်ရှိကြပါတယ်။

သွားလာရာမှာ မိုးရာသီတွင်ပူတာအိုမှ ကိုယ့်ဝန်ကိုယ်ထမ်းပါက ကျွတ်တွေ၊ ဒက်တွေ၊ ဖက်ယားတွေ၊ ရွှံ့ဗွက်တွေ ဆူးပင်များနဲ့ (၁၅)ရက်ခရီးနှင်ရပြီး ခေါင်လန်ဖူးမြို့နယ်သို့ ရောက်ရှိနိုင်ပါတယ်။ နွေရာသီ၌ မငွေဇအထိ ဆိုင်ကယ်ခရီး ကယ်ရီဖြင့် သွားနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီအစစအရာရာ ခေတ်နောက်ကျကျန်ခဲ့တဲ့ လူနည်းစု ညီအစ်ကို တိုင်းရင်းသားများနေထိုင်ကြသော ဘဝကို လူမှုဘဝကို မြှင့်တင်ပေးရန်သော်လည်းကောင်း၊ လောကပါလ တရားသော်လည်းကောင်း၊ နိုင်ငံတော်၏ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ Ecotourism အထူးလိုအပ်ချက်တစ်ရပ်အနေဖြင့် သတ်မှတ်ပေး၍ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ နောင်မွန်းမြို့နယ် လေယာဉ်ကွင်း မွမ်းမံ ပြင်ဆင်နေခြင်းကို မည်သည့်အချိန်တွင်ပြီးစီး၍ ခရီး ------------ (ဩဘာသံများ)

ခေါင်လန်ဖူးဒေသ ကျောက်တိုင်အမှတ် ၃၀၊ ၃၁၊ ၃၅ နှင့် နောင်မွန်မြို့နယ်ကျောက်တိုင်အမှတ် ၄၁ ပြ မြေပုံ (ဇ)




ပူတာအိုခရိုင်၊ ခေါင်လန်ဖူးမြို့နယ်၊ ရှိန်းခေါင်ဒေသကျောက်တိုင်အမှတ် ၃၁မြင်ကွင်းပုံ (၉-၁)



တောင်ကတုံးပုံများနှင့် မြေပြိုကမ်းပြိုသည့်နေရာများ မြင်ကွင်းပုံ (၉-၂)




**မြန်မာနိုင်ငံအတွင်း ဖြတ်သန်းစီးဆင်းနေသည့် သံလွင်မြစ်အား ရေရှည်ပိုင်ပိုင်နိုင်နိုင် အသုံးပြုရေးအတွက် အနာဂတ်ကာလတွင် ရင်ဆိုင်တွေ့ကြုံရဖွယ်ရှိသောပြဿနာ Water Resource Management Conflict များကြိုတင် ကာကွယ်တားဆီးနိုင်ရန် တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် Transboundary Water Management Agreement ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း က မြန်မာနိုင်ငံအတွင်း ဖြတ်သန်းစီးဆင်းနေသည့် သံလွင်မြစ်အား ရေရှည်ပိုင်ပိုင်နိုင်နိုင် အသုံးပြုရေးအတွက် အနာဂတ်ကာလတွင် ရင်ဆိုင်တွေ့ကြုံရဖွယ်ရှိသောပြဿနာ Water Resource Management Conflict များကြိုတင် ကာကွယ်တားဆီးနိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် Transboundary Water Management Agreement ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ နဲ့စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊

ပြည်ထောင်စုဝန်ကြီး အပါအဝင် အားလုံး မင်္ဂလာပါခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန်နှင့် English Language အသုံးအနှုန်းများ သုံးစွဲခွင့် ပြုပါရန် မေတ္တာရပ်ခံ တောင်းခံအပ်ပါတယ်။


ဥက္ကဋ္ဌကြီးခင်ဗျား။ သံလွင်မြစ်ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တိဘက်ဒေသမှ မြစ်ဖျားခံပြီး မြန်မာနိုင်ငံကို ဖြတ်သန်းစီးဆင်းကာ မုတ္တမပင်လယ်ကွေ့အတွင်း စီးဆင်းဝင်ရောက်လျက်ရှိပါတယ်။ အရှည်(၂၈၀၀)ကီလိုမီတာခန့်ရှိပြီး တရုတ်ပြည်မှ(၅၃)ရာခိုင်နှုန်း၊ မြန်မာပြည်မှ(၄၂)ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံမှ (၅)ရာခိုင်နှုန်း ပတ်သက်စီးဆင်းပါတယ်။ တရုတ်ပြည်တွင် ဒူးမြစ် လို့ခေါ်ပြီး မြန်မာပြည်တွင် သံလွင်မြစ်လို့ ခေါ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အနာဂတ်ကမ္ဘာကြီးဟာ ရေရှားပါးမှုနှင့် မြစ်ကြီးများကို လူသားအကျိုးပြုလုပ်ငန်းများ ထိရောက်စွာ ခွဲဝေအသုံးပြုမှု အလွန့်အလွန် အရေးကြီးလာမယ်လို့ အများကသုံးသပ်ကြပါတယ်။ ဥရောပမှာ Danube မြစ်က နိုင်ငံပေါင်း (၈)နိုင်ငံ ဖြတ်သန်းစီးဆင်းလာတဲ့ ထင်ရှားတဲ့မြစ်ကြီးဖြစ်ပြီး အားလုံး Transboundary Water Management Agreement ရေးထိုး အသုံးပြုလျက်ရှိကြပါတယ်။


ထို့အတူ ဂျော်ဒန်မြစ်၊ တိုင်ဂရစ်၊ ယူဖရေးထီးမြစ်အားလုံးတို့ဟာလည်း ဖြတ်သန်းစီးဆင်းသည့်နိုင်ငံများက စနစ်တကျစီမံခန့်ခွဲအသုံးပြုလျက်ရှိကြပါတယ်။ ၎င်းအပြင် မဲခေါင်မြစ်သည်လည်း ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အား ဖြတ်သန်းစီးဆင်းလျက်ရှိရာ Mekong River Basin Agreement as Framework for Transboundary River Cooperation စာချုပ်ချုပ်ဆိုအသုံးပြုလျက်ရှိပါတယ်။ တင်ပြပါပုံမှာ ရေအားလျှပ်စစ်အစီအမံများကို တစ်ဖက်နိုင်ငံမှာ ဆောင်ရွက်ထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

သို့ပါ၍ နောင်အနာဂတ်တွင် သံလွင်မြစ်ဆိုင်ရာ ရေအသုံးချမှုပြဿနာများ မဖြစ်ပေါ်စေရန် အတွက် ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် သက်ဆိုင်ရာနိုင်ငံများနဲ့ Transboundary Water Management စာချုပ် ချုပ်ဆိုဆောင်ရွက်ရန် အစီအစဥ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။(သြဘာသံများ)

Salween မြစ်၏ ဖြတ်သန်းစီးဆင်းရာပြ မြေပုံ (စျ)




-----------အညွှန်းတပ်ရန် ကျန် --- ------------------------ မြင်ကွင်းပုံ (ဈ-၁)




**နှစ် ၂၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သော ရန်ကုန် - သန်လျင်တံတား ယာဉ်ဖြတ်သန်းခ ကောက်ခံမှုအားဖြေလျှော့ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၀။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုးက နှစ် ၂၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သော ရန်ကုန် - သန်လျင်တံတား ယာဉ်ဖြတ်သန်းခ ကောက်ခံမှုအား ဖြေလျှော့ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသော ဧည့်သည်တော်များ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်စိုး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန် - သန်လျင်တံတား အမှတ်(၁)ကို တည်ဆောက်ပြီးစီးခဲ့သည်မှာ နှစ်စဉ်တံတားဖြတ်ခလည်း ကောက်ခဲ့သည်မှာ အနှစ်(၂၀)ခန့်ပင်ကြာခဲ့ပြီဖြစ်ပါတယ်။ အဆိုပါရရှိငွေ များမှ နိုင်ငံတော်အတွက် ရာခိုင်နှုန်းမည်မျှ၊ ကန်ထရိုက်က ရာခိုင်နှုန်းမည်မျှ၊ ထိန်းသိမ်းပြုပြင် စရိတ်အတွက် ရာခိုင်နှုန်းမည်မျှသုံးစွဲခဲ့နိုင်မှုကိုလည်း သိရှိလိုပါတယ်။ သန်လျင်တံတား တည်ဆောက် မှုမှာ နိုင်ငံတော်မှ ကျခံ၍ဆောင်ရွက်ခဲ့ရခြင်းမဟုတ်ဘဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မေတ္တာဖြင့် အခမဲ့တည်ဆောက်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တံတားဖြတ်သန်းခကောက်ခံနေမှုကြောင့် ကျပ်တည်းလာသော ယာဉ်သွားလာမှုအခက်အခဲပြေလျော့စေရန်အတွက်သော်လည်းကောင်း၊ အများပြည်သူအတွက်လည်း ကုန်ကျစရိတ်သက်သာသွားနိုင်သည့် အကျိုးကျေးဇူးများခံစားခွင့် ရသင့်ပြီဖြစ်သည့်အတွက်ကြောင့်သော်လည်းကောင်းရန်ကုန် - သန်လျင်တံတား ဖြတ်သန်းခ ကောက်ယူမှုအား ဖြေလျှော့ပေးသွားရန် အစီအစဉ် ရှိ/မရှိကို သိရှိလိုပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၂။**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ပထမဦးစွာ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း ၏ အမျိုးသားလွှတ်တော်သို့ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းကို ပထမဦးဆုံး ဖြေကြားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုဖို့

မေတ္တာရပ်ခံပါတယ်ခင်ဗျား။ သူ့ရဲ့မေးခွန်းမှာ မွန်ပြည်နယ်၊ ရေးမြို့မှာ ချောင်းရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးလုနီးပါးဖြစ်နေတဲ့ ရေးမြို့ကမ်းနားလမ်းမှာရှိတဲ့ ကျောက်စီမြေထိန်းနံရံနှင့် ကမ်းနားလမ်းအား ပြည်ထောင်စုအစိုးရအနေဖြင့် ပြင်ဆင်တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ် ဖြေကြားချက်ကို မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ကျွန်တော့်အနေနဲ့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရေးမြစ်ကဒီအရှေ့ခြမ်းကနေပြီးတော့မွန်ပြည်နယ်၊ရေးမြို့နယ်အရှေ့ခြမ်းကနေပြီး စတင်မြစ်ဖျားခံ စီးဆင်းပြီးတော့ ဇီးဖြူသောင်ကျေးရွာအနီးမှာ ပင်လယ်ထဲသို့စီးဝင်တာ ဖြစ်ပါတယ်။ စုစုပေါင်း အလျား(၂၆)မိုင်ရှည်လျားပြီး ကျောင်းရွာ၊ ကျောက်မိချောင်းရွာ၊ ကျွန်းတောင်ရွာ၊ကလော့လေးရွာနှင့် ချောင်းတောင်ရွာ၊ အစင်ရွာတို့ကို ဖြတ်သန်းပြီးတော့ ဇီးဖြူသောင်မှာ ပင်လယ်ထဲကို ဝင်တာဖြစ်ပါတယ်။

အဲဒီရေးမြို့နယ်ကမ်းနားလမ်းဟာခုနတုန်းက လွှတ်တော်အမတ်ကြီးတင်ပြသွားတဲ့၊ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အတိုင်းပါပဲ။ အဲဒီ မြစ်ကောက်ကွေးတဲ့နေရာမှာရှိပါတယ်။ ဒီရေတက်ချိန်မှာရော၊ ဒီရေကျဆင်းချိန်မှာရော အားလုံးဦးတိုက်တဲ့နေရာ ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ရဲ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ၂၀၁၃-၂၀၁၄ ဘတ်ဂျက်မှာ ပြည်ထောင်စုသီးသန့်ရန်ပုံငွေကနေပြီးတော့ ကျောက်စီမြေထိန်းနံရံအလျားပေ(၆၀၀)ကိုလည်းပဲ ဘယ်ဘက်မှာပြထားတဲ့ အကွေးနေရာမှာ လုပ်ခဲ့ရပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာလည်းပဲ မွန်ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းနဲ့ အလျား (၇၂၀)ပေရှိတဲ့ ဖြတ်မြောင်းကို တူးဖော်ခဲ့ပါတယ်။ အဲဒီနေရာမှာ အခုတင်ပြတာကတော့ ဒီဈေးနံဘေးမှာရှိတဲ့ အလယ်မှာ အကွေးဆုံးနေရာမှာ ဖြစ်ပေါ်နေတဲ့ဟာ ဖြစ်ပါတယ်။

အဲဒီမှာ ရေးမြို့နယ် ကမ်းနားလမ်းနေရာဟာ သဲဆိပ်၊ ရေဆိပ်တွေ အသုံးပြုနေတဲ့ နေရာဖြစ်ပြီးတော့ ၁၉၉၃ ခုနှစ်မှာ အခန်း(၉၉)ခန်းပါတဲ့ ဈေးကို ပြည်သူလူထုရဲ့ ကိုယ့်အားကိုယ်ကိုးစနစ်နဲ့ဖောက်လုပ်ခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်မှာလည်းပဲ ရေးမြို့ကမ်းနားလမ်းကို ဖောက်လုပ်ခဲ့တဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဲဒီနေရာကတော့ တောင်ကျရေရော ပင်လယ်ရေအတက် ဦးတိုက်တဲ့နေရာဖြစ်တယ်။ လတာပြင်ဖြစ်တယ်။ ကျောက်စီမြေထိန်းနံရံကို သဲနုန်းလတာပြင်မှာ အုတ်မြစ်ချတည်ဆောက်ခဲ့တဲ့အတွက်ကြောင်မို့လို့ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်းပဲ နိမ့်ကျမှုတွေ ဖြစ်ပေါ်နေပါတယ်။ အဲဒီတော့ ကွန်ကရစ်ပိုင်တိုင်အုတ်မြစ်ဖြင့် စနစ်တကျ တည်ဆောက်မှသာလျှင်ခိုင်မြဲမှာဖြစ်ပါတယ်။

ဒါ ကျောက်စီမြေထိန်းနံရံ ဆောက်ထားတဲ့နေရာပါ။ ခုနက စည်ပင်သာယာကနေပြီးတော့ တည်ဆောက်ထားတဲ့ ကျောက်စီနံရံအောက်မှာ ပြထားပါတယ်။ ဒါကတော့ ကျောက်စီနံရံဟောင်း နိမ့်ကျတဲ့ ဖြစ်ပွားတဲ့နေရာကို စွမ်းအားမြှင့် ပြင်ဆောက်ဖို့ လိုအပ်တဲ့နေရာကို တင်ပြတာ ဖြစ်ပါတယ်။ (၂)ပုံဖြစ်ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ကမ်းနားလမ်း ကမ်းပြိုကာကွယ်ရေးအစီအမံများကို

လျာထားကာကွယ်နိုင်ရေးအတွက် မိုးကျတဲ့အချိန်မှာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၂)၊ (၂၉)ကနေပြီးတော့ ကွင်းဆင်းတိုင်းတာရေးပြုလုပ်ပြီးတော့ Bole Pie အခြေပြုကျောက်စီမြေထိန်းနံရံ အလျားပေ(၄၀၀) ခန့်မှန်းကုန်ကျစရိတ်သန်း(၂၈၀)ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ရန်ပုံငွေစာရင်းမှာ မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးခေါင်းစဥ်တွင် ထည့်သွင်းတောင်းခံရန် စီစဥ်ထားပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

နောက် ဒုတိယမေးခွန်းဖြစ်တဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဂျေယောဝူ ကနေပြီးတော့ တင်ပြတဲ့မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ (၂)ပိုင်းပါ ပါတယ်။ တစ်ပိုင်းကတော့ ပူတာအိုခရိုင်၊ နောင်မွန်းမြို့ လေယာဥ်ကွင်း မွမ်းမံပြင်ဆင်နေခြင်းကို မည်သည့်အချိန်တွင် ပြီးစီးပြီးတော့ ခရီးစဉ် စတင်ပြေးဆွဲနိုင်မည်ကို သိရှိလိုခြင်းနှင့် ခေါင်လန်ဖူးမြို့နယ်သင့်လျော်သောနေရာမှာ လေယာဥ်ကွင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိဆိုပြီးတော့ မေးခွန်း(၂)ခု မေးမြန်းလာတာဖြစ်ပါတယ်။

နောင်မွန်းလေယာဥ်ပြေးလမ်း တည်ဆောက်ဖို့ရာအတွက် ၂၆-၂-၂၀၁၃မှာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အင်ဂျင်နီယာတွေနဲ့ ကွင်းဆင်းတိုင်းတာ စစ်ဆေးပြီးတော့ GeometricDesign တွေကိုပြုလုပ်ခဲ့ပါတယ်။ လမ်းလွှာဒီဇိုင်းပုံစံကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းသုတေသနဌာနခွဲကနေပြီးတော့ ပုံစံထုတ်ပြီး ရေးဆွဲခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်ဘဏ္ဍာရေးနှစ်မှာ လုပ်ငန်းဆောင်ရွက်ရန်အတွက် ယခင် ပို့ဆောင်ရေးဝန်ကြီးဌာနကို တင်ပြခဲ့ပြီးတော့ ကချင်ပြည်နယ် အစိုးရအဖွဲ့နဲ့ညှိနှိုင်းပြီးတော့ တင်ဒါခေါ်ယူခဲ့တဲ့အခါမှာ ခိုင်မာသောပန်းတိုင် ဆောက်လုပ်ရေးကုမ္ပဏီကနေပြီးတော့ တင်ဒါအောင်မြင်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဲဒီအခါမှာနောင်မွန်းလေဆိပ် လေယာဥ်ပျံသန်းနိုင်တဲ့အထိ ဆောင်ရွက်ရမယ့်လုပ်ငန်းတွေကတော့ အကြမ်းအားဖြင့် (၆)ခုရှိပါတယ်။ မြေသားလုပ်ငန်းက ပေ(၄၅၀၀)အလျားနဲ့ (၃၀၀)ပေ ရှိတယ်။ လေယာဥ်ပြေးလမ်းကတော့ ပေ(၄၀၀၀)ရှိပြီးတော့ အနံပေ(၁၀၀)ရှိတယ်။ ဒါက ဒီ ATR လေယာဥ်လောက်ပဲ ပျံသန်းနိုင်တဲ့ လေယာဥ်ကွင်းအမျိုးအစားဖြစ်ပါတယ်။ လေယာဥ်အရှိန်သတ်နှုန်းမှာ ပေ(၂၅၀)ရှည်ပြီးတော့ အနံပေ(၁၀၀)ရှိရပါတယ်။ လေယာဥ်ရပ်နားဖို့နေရာကတော့ (Apron)ကတော့ ပေ(၂၀၀)ပတ်လည် နေရာထားရပါမယ်။ လေဆိပ်ကိုလည်းပဲ ခြံစည်းရိုးကာရပါမယ်။ ကျန်တဲ့ နွား၊ ကျွဲ တိရစ္ဆာန်တွေဝင်လို့ မရအောင်လုပ်ရမှာ ဖြစ်ပါတယ်။

နောက် လေဆိပ်အဆောက်အဦနဲ့ ဆက်စပ်လုပ်ငန်းတွေကိုလည်းပဲ ဆောက်လုပ်ရမှာ ဖြစ်ပါတယ်။ အဲဒီမှာ ဒီပိုက်ဆံဘယ်လောက်ရခဲ့လဲဆိုတော့ အရင်အစိုးရလက်ထက်မှာ ၂၀၁၃-၂၀၁၄၊ ၂၀၁၅-၂၀၁၆ အထိ (၃)နှစ်အတွင်းမှာ ရန်ပုံငွေကျပ်သန်း(၂၄၀၀)ရရှိခဲ့ပါတယ်။ အဲဒီ သန်း(၂၄၀၀)အနက် ပြီးရမယ့်လုပ်ငန်းတွေက အပေါ်ကဟာတွေ ဖြစ်ပါတယ်။ မြေသားလုပ်ငန်း (၄၅၀၀)ကနေ ပေ(၃၀၀)ပြီးအောင် လုပ်ရမယ်။ လေယာဥ်ပြေးလမ်း(၁၂၅၀)အလျား၊ အနံပေ(၁၀၀)ပြီးအောင် လုပ်ရမယ်။ လေယာဥ်အရှိန်သတ်နှုန်း(၂၅၀)နဲ့ ပေ(၁၀၀)ပြီးအောင်လုပ်ရမယ်။ လေဆိပ်ခြံစည်းရိုးကာရံခြင်းကို ပေ(၁၅၁၉၀)ပေ လုပ်ရမယ်။

တည်ဆောက်ရေးပစ္စည်းတွေ စုဆောင်းရမယ်။ အကြို အင်ဂျင်နီယာလုပ်ငန်းတွေလုပ်ရမှာ ဖြစ်ပါတယ်။ အဲဒီမှာခွင့်ပြုရန်ပုံငွေနဲ့ ဆောင်ရွက်ရန်ကျန်နေတဲ့ လုပ်ငန်းတွေကတော့ လေယာဉ်ပြေးလမ်းက ဒီနောက်ထပ်ဆက်လုပ်ရမယ့်ဟာတွေက ခုနတုန်းက အနီရောင်နဲ့ ပြထားတဲ့ လေယာဉ်ပြေးလမ်း(၂၇၅၀)၊ လေယာဉ်ရပ်နားရမယ့် (Apron)လေဆိပ် အဆောက်အဦတွေ၊ အဲဒီနောက်(၃)ခုက ဆက်လက်ပြီးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါဖြင့်ရင် ခုနတုန်းက အပေါ်က(၄)ခုကရော ပြီးပြီလားဆိုတော့ မပြီးသေးတာကို တွေ့ရပါတယ်။ ကျွန်တော် စိစစ်တဲ့အခါမှာ အဲဒီ သန်း(၂၄၀၀)ထဲက ဘာလို့အားလုံး မပြီးတာလဲလို့ စိစစ်လိုက်တဲ့အခါမှာ ခုနက ပစ္စည်းအားလုံးဟာ အားလုံးကို ပို့ရတာခက်ခဲတယ်။

မြစ်ကြီးနားကနေ ပူတာအို၊ ပူတာအိုကနေ နောင်မွန်းကို ပို့ရတဲ့အခါမှာ အခက်အခဲရှိတယ်။ ကျောက်ရှာရတာလည်း ခက်တယ်ဆိုပြီးတော့ မြေသားလုပ်ငန်း (၄၅၀၀)ထဲက (၃၈၀၀)ပြီးပြီ။ အလျားပေ(၃၀၀)ကတော့ အတူတူပြီးတယ်။ ကျန်(၇၀၀×၃၀၀) ကျန်သေးတယ်လို့ သိရပါတယ်။ လေယာဉ်ပြေးလမ်းပေ(၁၂၅၀ x ၁၀၀)အနက်မှာ (၅၀၀)ပဲ ပြီးသေးပြီးတော့ (၇၅၀)ကျန်တယ်လို့ သိရပါတယ်။ နောက်တစ်ခါ လေယာဉ်အရှိန်သတ်နှုန်းကလည်း အရှိန်သတ် အစွန်းက ကျန်ပါတယ်။ လေဆိပ်ကတော့ ပြီးသွားပြီ။ လေဆိပ် ခြံစည်းရိုးကာရံခြင်းကတော့ လုံးဝပြီးပြီဆိုတာကို စစ်ဆေးတွေ့ရှိရပါတယ်။

ဒါကြောင့် ၂၀၁၆-၂၀၁၇ ရဲ့ ဒီမိုးကုန်တဲ့ ဒီရာသီမှာ အဲဒီ ခုနတုန်းက ကျန်တဲ့ငွေက ရှိပြီးသား ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတွေကို ကျန်တဲ့ငွေနဲ့ ပြီးအောင်ဆောက်ရမယ်ဆိုပြီးတော့ ကျွန်တော်ညွှန်ကြား ထားပါတယ်။ အဲဒါကတော့ ဒီ ၂၀၁၆-၂၀၁၇ မှာ ဆက်လုပ်နေရမယ့်ဟာတွေပါ။ ဒါ မြေကြိတ်နေတဲ့ ဟာတွေပါ။ အဲဒါကတော့ ခြံစည်းရိုးကာပြီးတဲ့ပုံတွေဖြစ်ပါတယ်။ အဲဒါကတော့ ကျောက်၊ အဲဒါဆိုရင် ဒါ ဒေသမှာရှိတဲ့ ရရှိတဲ့ ကျောက်တွေစုပြီးတော့ ခွဲရပါတယ်။ အဲဒီနေရာမှာလည်းပဲ ကျောက်ရရှိမှု အခက်အခဲရှိတယ်။ လောလောဆယ်တော့ အဲဒီမှာ စက်တွေရောက်ပြီးကျောက်ခွဲပြီးတော့ စုပုံထားတာ ၂၀၁၆-၂၀၁၇ ဒီ(၄)လအတွင်းမှာ မိုးကုန်(၄)လ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်အတွင်းမှာ ခုနတုန်းက သန်း(၂၄၀၀)ထဲက လက်ကျန်တွေကို ပြီးအောင်ရှင်းဖို့ ကျွန်တော်ကိုယ်တိုင်သွားမှာဖြစ်ပါတယ်။ အဲဒါကိုတော့ ပြီးအောင်တော့ စစ်ဆေးဖို့ ကျွန်တော့်ကို အားလုံးကို ဓာတ်ပုံနဲ့ အကုန်ပို့ခိုင်းပါတယ်။ ဒါပြီးစီးတဲ့အခြေအနေတွေပါ။ အဲတော့ ဒါဖြင့်ရင် ကျန်နေတဲ့ဟာက ခုနတုန်းက (၃)မျိုးကျန်ပါတယ်။ လေယာဉ်ပြေးလမ်း(၂၇၅၀)နဲ့(၁၀၀)ပေကျန်တယ်။ လေယာဉ်ရပ်နားတဲ့ (Apron)လုပ်ဖို့ကျန်တယ်။ လေဆိပ်အဆောက်အဦနှင့် ဆက်စပ်အဆောက်အဦတွေ ဆောက်လုပ်ဖို့ကျန်တယ်။ (၃)ခုကျန်ပါတယ်။ အဲဒီ(၃)ခုကို ပိုက်ဆံရရှိမှုအခြေအနေအပေါ်မှာ မူတည်ပြီးတော့ ပြီးမှာဖြစ်ပါတယ်။ ခုနတုန်းကလို ပစ္စည်း၊ ဘိလပ်မြေကလည်း ပို့ရတယ်။ ခုနတုန်းကပြောတဲ့ အားလုံး ကတ္တရာလည်း ရန်ကုန်ကနေတစ်ဆင့် ပို့ရတယ်။ အဲဒီမှာ လေယာဉ်နဲ့ပဲ ပို့ရတော့ အများကြီးကို ခွဲခြမ်းပြီးတော့ ပို့နေရတာဖြစ်တဲ့အတွက်ကြောင့် ဒါကြောင့် ကျွန်တော် ပိုတွက်ထားတာပါ။ နောက်အကျဆုံး ၂၀၂၀-၂၀၂၁ အထိတော့ ကြာနိုင်တယ်လို့ အခုပြီးခဲ့တဲ့ အချိုးအစားနဲ့ တွက်လိုက်ရင်တော့ ကြာနိုင်တယ်လို့ အဲဒီအတိုင်း တွေ့ရှိပါတယ်လို့ ဖြေကြားအပ်ပါတယ်။

နောက် ခေါင်လန်ဖူးနဲ့ ပတ်သက်တဲ့ဟာကတော့ ခေါင်လန်ဖူးကတော့ ကျွန်တော်တို့က အများကြီးလုပ်ရဦးမှာပါ။ ခေါင်လန်ဖူးဒေသဟာ တောတောင်ထူထပ်တယ်။ ဒီလေယာဉ်ပြေးလမ်း တည်ဆောက်ဖို့ မြေပြန့်ရရှိဖို့ တော်တော်ခက်တယ်။ ရာသီဥတုအခြေအနေကလည်း အမြဲတမ်းလိုလို အုံ့မှိုင်းပြီးတော့ မြူဆိုင်းနေတဲ့အခြေအနေမျိုး လေယာဉ်ဆင်းရရှိဖို့ အခြေအနေမျိုးကတော့ အားလုံးအတူတူ အခက်အခဲရှိပါတယ်။ ခရီးသည်ရရှိမှု Demand Forecast ကတော့ မျှော်လင့်လို့ကို မရနိုင်ပါဘူး။ သို့သော် ဘာပဲပြောပြော ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အချက်တွေလည်း မှန်ပါတယ်။ ဒါ ကျွန်တော်တို့သည် ခုနကပြောတဲ့ လူဦးရေနည်းပါးသော်လည်းပဲ တိုင်းရင်းသားညီအစ်ကိုတွေအပေါ်မှာ အားလုံးဆောင်ရွက်ရမယ်ဆိုတဲ့အကြောင်း ကျွန်တော် နားလည်ပါတယ်။ အဲဒီတော့ လောလောဆယ် ကျွန်တော်တို့ ရဟတ်ယာဉ်ကွင်းကို လုပ်ပြီးတော့အရေးပေါ်အခြေအနေတွေမှာ ကူညီနိုင်အောင် လုပ်ရင်ကောင်းမယ်လို့ ကျွန်တော့်အနေနဲ့တော့ စဉ်းစားထားပါတယ်။

အဲဒါ ခေါင်လန်ဖူးရဲ့ ဒွဲ့အကွာအဝေးပါ။ ခုနတုန်းက ပူတာအိုကနေ ခေါင်လန်ဖူးကို တကယ်သွားရင်တော့ ခြေလျင်ခရီးနဲ့ (၇၅)မိုင်လောက်သွားရပါတယ်။ နောင်မွန်းနဲ့ ခေါင်လန်ဖူးကလည်း အဲဒီလိုကွာဝေးပါတယ်။ အဲဒီလို သွားရလာရတာခက်ခဲတယ်ဆိုတာကိုလည်း ကျွန်တော် ဒီအပေါ်ကနေပြီး တွေ့ရှိတာကတော့ အဲဒီအတိုင်း စဉ်းစားတွေ့ရှိပါတယ်။ ဒါကြောင့် ခေါင်လန်ဖူးနဲ့ ပတ်သက်လို့တော့ လောလောဆယ် ကျွန်တော်တို့ရဲ့ တိုင်းပြည်ရဲ့ ဘဏ္ဍာငွေအခြေအနေပေါ်မှာလည်း မူတည်တယ်။ ချမ်းသာလာတဲ့အချိန်မှာတော့ ရှိသမျှနေရာကို လိုအပ်သလောက် လုပ်နိုင်မယ်လို့ထင်ပါတယ်။ လောလောဆယ်တော့ ကျွန်တော်တို့အရေးပေါ်ပစ္စည်းပို့နိုင်တဲ့ ရဟတ်ယာဉ်ကွင်းလောက် တည်ဆောက်နိုင်အောင် ကြိုးစားမယ်လို့ အဲဒီလောက်ပဲ ကျွန်တော် ဖြေကြားလိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော် တတိယဖြေကြားရမှာကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း ရဲ့ကြယ်ပွင့်ပြမေးခွန်း ဖြစ်ပါတယ်။ အင်မတန်ကို အရေးကြီးတဲ့ ကျွန်တော်တို့ကို သတိပေးတဲ့ တကယ်လည်းပဲဆောင်ရွက်သင့်တဲ့ မေးခွန်းလို့ ကျွန်တော် နားလည်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ ဖြတ်သန်းစီးဆင်းနေတဲ့ သံလွင်မြစ်ကို ရေရှည်ပိုင်ပိုင်နိုင်နိုင် အသုံးပြုနိုင်ရေးအတွက် အနာဂတ်ကာလမှာ ရင်ဆိုင်တွေ့ကြုံရဖွယ်ရှိတဲ့ ပြဿနာ Water Resource Management Conflict များကို ကြိုတင်ကာကွယ်နိုင်ဖို့ရာအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် Transboundary Water Management Agreement ဆောင်ရွက်ရန်အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဒါကလည်း ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အတိုင်းပါပဲ။ သံလွင်မြစ်က အလျား(၂၈၁၅)ကီလိုမီတာ၊ မိုင်အားဖြင့်(၁၇၄၉)မိုင်ရှိပြီးတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတိဘက်ကုန်းမြေမြင့်ရှိ ရေခဲတောင်ကနေပြီးတော့မြစ်ဖျားခံစီးဆင်းပြီးတော့

မြန်မာနိုင်ငံ မွန်ပြည်နယ်၊ မော်လမြိုင်မြို့အနီးမှာ ကပ္ပလီပင်လယ်ထဲကိုစီးဆင်းတာ ဖြစ်ပါတယ်။ တရုတ်ပြည်နယ်အတွင်းမှာတော့ (၁၅၄၃)ကီလိုမီတာရှိပြီးတော့ မြန်မာနိုင်ငံအတွင်းမှာတော့ (၁၂၇၂)ကီလိုမီတာ စီးဆင်းပါတယ်။ ကရင်ပြည်နယ်မှာတော့ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ရဲ့အကြားမှာ boundary မြစ်အဖြစ်နဲ့ နယ်စပ်မြစ်အဖြစ်နဲ့ အလျား(၁၂၀)ကီလိုမီတာ စီးဆင်းတာ ဖြစ်ပါတယ်။ အဲဒီတော့ သူ့ရဲ့ River Basinပေါ့။ဒီမြစ်ဝှမ်းတွေရဲ့ စတုရန်းကီလိုမီတာအားဖြင့်တော့ (၁၆၉၆၀၀)စတုရန်းကီလိုမီတာတရုတ်ပြည်မှာ ရှိပြီးတော့ မြန်မာနိုင်ငံဘက်မှာတော့ (၁၃၀၀၀၀)ကျော် (၄၂)ရာခိုင်နှုန်း မြစ်ဝှမ်းဧရိယာ ရှိပါတယ်။ ထိုင်းနိုင်ငံဘက်မှာတော့ (၅)ရာခိုင်နှုန်းပဲရှိပါတယ်။ ပျမ်းမျှရေထုထည်စီးဆင်းမှုနှုန်းကတော့ (၄၉၇၈) Cuba Meters Per Second နဲ့ စီးဆင်းနေတာဖြစ်ပါတယ်။ ဒါကြောင့်လည်းပဲ မြစ်ကမြန်ဆန်တဲ့ အတွက်ကြောင့် တကယ်တမ်းကျတော့ ရွှေဂွန်းနဲ့ မော်လမြိုင်ကြားမှာပဲ Navigable ဖြစ်ပါတယ်။ တကယ့် လှေ၊ သမ္ဗန်၊ သင်္ဘောတွေသွားလာနိုင်တဲ့ navigable ဧရိယာကတော့ ရွှေဂွန်း -မော်လမြိုင် အထိပဲ ဖြစ်ပါတယ်။

အဲဒီနေရာမှာခုနတုန်းကလွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အတိုင်းပဲ။တရုတ်ပြည်ဘက်ခြမ်းမှာ (Nu)နူးမြစ်လို့ခေါ်ပြီးတော့ (Nu)နူးမြစ်ဘက်ခြမ်းမှာသူတို့ရဲ့ဆည်(၁၃)ခုတည်ဆောက်ဖို့လျာထားထားပြီးတော့ (၂)ခုကတော့ တည်ဆောက်ပြီးစီးနေပြီလို့ သိရပါတယ်။ ဒါက တရုတ်ပြည်ရဲ့ ဧရိယာဘက်မှာရှိတာဖြစ်ပါတယ်။ ဒါကတော့ ခုနတုန်းကဥပမာပြောတဲ့ မဲခေါင်ဖြစ်ပါတယ်။ မဲခေါင်ကလည်းပဲ နိုင်ငံများစွာကို ဖြတ်သန်းစီးဆင်းတယ်။ အဲဒီမှာ Lancang-Mekong ဆိုတဲ့ မဲခေါင်မြစ်အထက်ခြမ်းမှာရှိတဲ့ (၄)နိုင်ငံကတော့ Joint Committee on Coordination of Commercial Navigation on Lancang-Mekongက (JCCCN)ပေါ့။JCCCN မှာတော့ တရုတ်ရယ်၊ လာအိုရယ်၊ မြန်မာရယ်၊ ထိုင်းရယ် (၄)နိုင်ငံပါတဲ့ အဖွဲ့ကနေပြီးတော့ အမြဲတမ်းညှိနှိုင်းပါတယ်။ ဒါက အထက်ပိုင်းပါ။ အောက်ပိုင်းက Mekong River Commissionဆိုပြီး(MRC) မဲခေါင်မြစ်ဝှမ်းကော်မရှင်ကတော့၊ အောက်မှာ လာအိုရယ်၊ ထိုင်းရယ်၊ ကမ္ဘောဒီးယားရယ်၊ ဗီယက်နမ်ရယ်ပါပါတယ်။ အဲဒီမှာတော့ မြန်မာမပါတော့ပါဘူး။ အဲဒီလို အဖွဲ့အစည်းတွေနဲ့ ဖွဲ့စည်းပြီးတော့ အပေါ်မှာ လာအိုမှာဆိုရင်လည်း ဆည်တွေလုပ်ပါတယ်။ တရုတ်ပြည်မှာလည်း ဆည်တွေလုပ်ပါတယ်။ အဲဒီအခါမှာ အောက်ပိုင်းကနိုင်ငံတွေက တချို့ကသိကအောက်တွေဖြစ်တာလေးတွေရှိပါတယ်။ အဲဒီအခါမှာ မဲခေါင်မြစ်ရေ ခွဲဝေသုံးစွဲမှုနဲ့ ပတ်သက်လို့အစည်းအဝေးတွေ အမြဲတမ်းလုပ်လေ့ရှိပါတယ်။

အဲဒီတော့ ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်းပဲ ကျွန်တော်တို့ဟာ (၃)နိုင်ငံပေါင်းစပ်ပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ မြန်မာရယ်၊ တရုတ်ရယ်၊ မြန်မာရယ်၊ ထိုင်းရယ်လုပ်မှာ ဖြစ်ပါတယ်။ အဲဒီတော့ JCCCN ဖွဲ့စည်းတာကတော့ ၂၀၀၁ ခုနှစ်ကနေဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ အပေါ်ပိုင်း(၄)နိုင်ငံဖွဲ့စည်းတာကတော့ မဲခေါင်မြစ်အထက်ပိုင်း ရဲ့ ကုန်သွယ်ရေး လမ်းကြောင်းဆိုင်ရာ စီမံခန့်ခွဲမှုတွေကို ညှိနှိုင်းပေါင်းစပ်ပြီး ဆောင်ရွက်ပါတယ်။ အောက်က (၄)နိုင်ငံကတော့ ၁၉၉၅ ကတည်းက ဖွဲ့စည်းပြီးတော့ မဲခေါင်မြစ်အောက်ပိုင်း စီမံခန့်ခွဲမှုကို လုပ်ပါတယ်။ ကျွန်တော်တို့က အဲဒီနိုင်ငံတွေရဲ့ နမူနာကို ယူပြီးတော့ ခုနတုန်းက တကယ့်နောက်ပိုင်းကျရင် ကျွန်တော်တို့ဘက်ခြမ်းမှာ ရေနည်းလာရင် ဒါလည်း တကယ့် Water Scarcity

ဆိုတာ အရင်တုန်းက ပြည်သူ့လွှတ်တော်မှာတော့ တင်ပြဖူးပါတယ်။ တကယ်တမ်းက ရေနည်းပါးတဲ့ ပြဿနာက ကမ္ဘာကြီးတစ်ခုလုံး၊ နောက်ရာစုတွေမှာ ဖြစ်လာနိုင်တယ်ဆိုပြီးတော့ ပြောပါတယ်။ ရေခဲမြစ်တွေ၊ Climate Change ဖြစ်တယ်။ ရေခဲမြစ်တွေ အရည်ပျော်တယ်။ နောက်ပိုင်း တဖြည်းဖြည်းနဲ့ ရေနည်းလာတယ်။ ကျွန်တော်တို့ဟာ Water Scarcity ဖြစ်နိုင်တဲ့ Region မှာရှိပါတယ်။ တရုတ်ပြည်၊ မြန်မာ၊ အင်ဒိုချိုင်းနားကြီးတစ်ခုလုံးဟာ ရေရှားနိုင်တယ်။

ကျွန်တော်တို့က လောလောဆယ် ရေရှိနေတယ်လို့ ထင်သော်လည်းပဲ ရေရှားတဲ့ ဒေသထဲမှာ ကမ္ဘာပေါ်မှာ ပါ ပါတယ်။ ဒါပေမဲ့ ရေအများဆုံး ဖြုန်းနေတယ်။ ကျွန်တော်တို့က ရေကို ကောင်းကောင်း Water Resource Management မကောင်းဘူးလို့ ကျွန်တော်တို့ကို သုံးသပ်ကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကအဲဒီဟာတွေကို ပြင်ရမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်းပဲ။ ဒီ ဧရာဝတီရော၊ ချင်းတွင်းရော၊ သံလွင်ရော၊ စစ်တောင်းရော၊ ကုလားတန်ရော၊ လေးမြို့ရော အကုန်လုံးကို ကျွန်တော်တို့က စီမံခန့်ခွဲရမှာ ဖြစ်ပါတယ်။ လောလောဆယ်ကတော့ ဒီတစ်ချက်ကတော့ တကယ့်ကိုပဲ တရုတ်နဲ့ ကျွန်တော်တို့ တရုတ်ရယ်၊ မြန်မာရယ်၊ ထိုင်းရယ် ခုနက Thanlwin River Commission လိုဟာမျိုးကို ထူထောင်ရမှာဖြစ်ပါတယ်။ အဲဒီအတွက်လည်းပဲ ကျွန်တော် ဒီဟာနဲ့တင်မကဘူး။ နိုင်ငံခြားရေး ဝန်ကြီးဌာနကတစ်ဆင့် ညှိနှိုင်းပြီး ပေါင်းစပ်ရမယ်။ ထိုင်းကိုလည်း ပါလာအောင် ညှိနှိုင်းရမှာ ဖြစ်ပါ တယ်။ အဲဒါကတော့ ကျွန်တော်တို့ ရှေ့နှစ် ၂၀၁၇၊ ဇန်နဝါရီမှာ (JCCCN) အစည်းအဝေးကို Upper Lancang Mekong Commissionကို ကျွန်တော်တို့လုပ်ပါမယ်။ မန္တလေးမှာ ကျွန်တော်တို့ အိမ်ရှင်အဖြစ်နဲ့ လုပ်တဲ့အခါမှာ အဲဒီမှာ ကျွန်တော်တို့ နည်းနည်း မြန်မာရော၊ တရုတ်ရော၊ ထိုင်းရောကို ကျွန်တော်တို့ညှိကြည့်ပါမယ်။ လောလောဆယ် သံတမန်လမ်းကြောင်းကနေပဲ ညှိနှိုင်းပြီးတော့ ကျွန်တော်တို့ အချိန်ကိုစောင့်ပြီးတော့ ဆောင်ရွက်ရမှာဖြစ်တဲ့အကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

နောက်ဆုံး စတုတ္ထမေးခွန်းကတော့ ဒုတိယအကြိမ်အမျိုးသားလွှတ်တော်၊ ဒုတိယပုံမှန် အစည်းအဝေးတုန်းက မေးမြန်းခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်စိုး ရဲ့ မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ သူ့ရဲ့မေးခွန်း ကတော့ အနှစ်(၂၀)ကျော်ကြာမြင့်ခဲ့ပြီဖြစ်တဲ့ ရန်ကုန်-သန်လျင်တံတားအပေါ်မှာ ယာဉ်ဖြတ်သန်းခ ကောက်ခံမှုအားဖြေလျှော့ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ဖြေကြားထားတာ ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ မီးရထားပိုင်၊ မီးရထားပိုင်တယ်ဆိုတာ ဒီလို တရုတ်ပြည်က ဆောက်ပေးတာမှန်တယ်။ တော်တော်များများ ဒီ ရထားပါတဲ့ တံတားတွေကို အဲဒါတွေရဲ့ ထိန်းသိမ်းတဲ့လုပ်ငန်းကို မြန်မာ့ မီးရထားကပဲ ဆောင်ရွက်ရပါတယ်။ ဥပမာ ဒီ ရထားလမ်းမပါတဲ့ တံတားဆိုရင်တော့ မြစ်ကူး တံတားကြီးတွေကိုတော့ ဆောက်လုပ်ရေးက တာဝန်ယူပြီးတော့ ထိန်းသိမ်းရပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ ကောက်ခဲ့တာကတော့ ကြာပါပြီ။ အဲဒီမှာ ဒီ အခုနောက်ဆုံး ကောက်ခံထားတဲ့ အခြေ အနေလေးကို ကျွန်တော်က ပြောချင်တာ။ ၁-၄-၂၀၁၆ ကနေပြီးတော့ ၃၁-၃-၂၀၁၉ အထိ (၃)နှစ် သက်တမ်းအတွက် ကျွန်တော်တို့က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ ၁၅-၃-၂၀၁၆

ကနေပြီးတော့အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့တယ်။ တင်ဒါယှဉ်ပြိုင်တဲ့သူ(၅၀)ထဲကနေပြီးတော့ တစ်ယောက်ကနေပြီးတော့ ဒီတစ်နှစ်ကို သန်းပေါင်း(၁၇၅၁)သန်းနဲ့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ တင်ဒါ သက်တမ်းက(၃)နှစ်ဖြစ်ပါတယ်။ အဲဒီမှာ ယာဉ်ကြော ကျပ်တည်းမှုတွေဖြစ်တယ်။ ယာဉ်ကြော ကျပ်တည်းမှုကို တကယ်စစ်လိုက်တဲ့အခါမှာ ပိုက်ဆံကောက်လို့ကြာတာလား၊ ဘာကြောင့်ကြာတာလဲ ဆိုတဲ့အခါကျတော့ လမ်းတွေကပျက်နေတယ်။ Approach တံတားပေါ်ကကားလမ်းထက်တံတားပေါ်ကို မတက်ခင်မှာကတည်းက ကားလမ်းတွေဟာ ပျက်စီးတယ်။ အဲဒီတော့ ကားလမ်းအပျက်အစီးတွေကိုရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြင်ဆိုတော့ ကျွန်တော်တို့ Approachကိုပဲ ကျွန်တော်တို့ ဒီ တင်ဒါရရှိတဲ့သူကနေပြီးတော့ ပြင်ပြီးတော့ ပေးရပါတယ်။

နောက်တစ်ခါ ဘာကြောင့် ကျပ်ရလဲဆိုတော့ တံတားပေါ်မှာ ယာဉ်ကြောက တစ်လမ်းပဲရှိတယ်။ ဝင်လာတာက အသွားနှစ်လမ်း၊ အပြန်နှစ်လမ်း၊ (၄)လမ်းသွားလမ်းကနေပြီးတော့ နှစ်လမ်းပေါ်ကနေပြီးတော့တစ်လမ်းတည်းကို ပြောင်းရတဲ့အတွက်ကြောင့်မိုလို့ ဒီ သန်လျင်တံတားဟာ ကျပ်နေတယ်ဆိုတာကို တွေ့ရပါတယ်။ အဲဒါတွေကို ပြင်ဖို့ရာအတွက် လမ်းကိုလည်းပြင်ရတယ်။ အဲဒီ လမ်းပေါ်မှာပိုပြီးတော့ လုံခြုံရေးကောင်းအောင်လို့ CCTV ကိုလည်းပဲ ပြင်ရတယ်။ အဲဒီမှာ အရင်တုန်းက (၃၆)တန် ခွင့်ပြုခဲ့ပေမယ့် သူ့ရဲ့ဒီဇိုင်းအရ (၃၆)တန်ခွင့်ပြုခဲ့ပေမယ့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေနဲ့ ကားအကြီးတွေအားလုံးကို ဒီဘက်ကို မလာအောင်လို့မို့ အားလုံးကို တံတားနံပါတ်(၂)ကို သွားအောင်လုပ်လိုက်တဲ့အတွက်ကြောင့် အားလုံးမဖြတ်တော့ဘဲနဲ့ (၂၇)တန် တံတားကိုပဲ ဖြတ်ခွင့်ပေးရတယ်။ (၂၇)တန်အထက် ကျော်မကျော်ကို စစ်ဖို့ရာအတွက် ပိုပြီးတော့ ခုနတုန်းက ဒီ တန်ပိုဂိတ်ကိုလည်းပဲ တံတားကိုလည်းပဲWeight Bridge ကိုလည်းပဲ ပြန်ပြီးတော့ ပြင်ရပါတယ်။ Digital ကတ္တားပြင်ရတယ်။ ကင်မရာကိုပြင်ရတယ်။အဲဒါတွေက ဘယ်သူလုပ်လဲဆိုတော့ ခုနတုန်းက တင်ဒါရတဲ့ပုဂ္ဂိုလ်ကပဲ အဲဒါတွေအားလုံးကို ဆောင်ရွက်ပေးရတာ ဖြစ်ပါတယ်။

အဲဒီတော့ သန်လျင်တံတားက ခုနတုန်းက ၁၉၉၃ ခုနှစ်က လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အတိုင်းပဲ။ ဒါချစ်ကြည်ရေးတံတား၊ မြန်မာကျပ်ငွေ သန်းပေါင်း (၁၆၅၀)ပဲကုန်ခဲ့တယ်။ ၁၉၉၃ ကနေစတယ်။ အဲဒီမှာတော့ တံတားအရှည်ကတော့ ကားလမ်းက(၂၁၅၁)မီတာ၊ ရထားလမ်းကလည်း (၂၉၃၈)(၂)ကီလိုနဲ့(၁.၉)(၂)မိုင်နီးပါးလောက်ရှည်တဲ့ ရထားလမ်းတံတားဖြစ်တယ်။ အဲဒီမှာ ခုံးပေါင်း (၁၈)ခု ရှိပါတယ်။ ဒါဖြင့်ရင် ခုံးပေါင်း(၁၈)ခုကို ဘယ်လိုထိန်းသိမ်းမှာလဲ။ ဒီတိုင်းကြီးပစ်ထားလို့ ရပါသလား။ အဲဒီလိုဆို ကျွန်တော်က ဆေးသုတ်ရပါတယ်။ တံတားကို ဆေးသုတ်ရပါတယ်။ ဇလီဖားတွေ အသစ်လဲရပါတယ်။ အဲဒီမှာ ဇလီဖားက သစ်သားဇလီဖားတွေ ဖြစ်ပါတယ်။ သစ်သားဇလီဖား မှာလည်းပဲတကယ့် Special Size တွေဖြစ်တဲ့အတွက်ကြောင့်မို့ (၈)လက်မပတ်လည်၊ (၆)လက်မပတ်လည်၊ အနည်းဆုံး(၆)လက်မပတ်လည်၊ (၈)လက်မပတ်လည် တုံးတွေဖြစ်ပါတယ်။ အဲဒီတော့ အဲဒီ့ဟာတွေရဲ့ကုန်ကျစရိတ်က နှစ်စဉ်(၄၃၂)သန်းကုန်ပါတယ်။ အဲဒီတော့ (၄၃၂)သန်းကို အရင်တုန်းကရခဲ့တာက (၇၂)သန်းလောက်ပဲ တစ်နှစ်ကိုရပါတယ်။ အခုဒီတစ်ခါကျမှ ၂၀၀၆ လောက်တုန်းက (၇၂)သန်းလောက်ပဲ ရတယ်။ ကျွန်တော်တို့ရဲ့နှစ်စဉ် Maintenance က သန်း(၄၀၀)ကျော်လောက် ကုန်ပါတယ်။

နောက်တစ်ခါ အခုကျတော့ (၁၇၅၁)သန်း၊ ကျေရောပေါ့လို့ ပြောလို့ရတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ နှစ်စဉ် ပြင်နေရမှာ ဖြစ်ပါတယ်။ ဒါတင်မကပါဘူး။ အခုသစ်သားက ရှားလာတယ်။ ရှားလာတော့ ကျွန်တော်တို့အခု Steel Concrete Slipperကို Steel Box Slipper သုံးဖို့ ကျွန်တော်တို့ စဉ်းစားနေရပါတယ်။ အဲဒီအခါကျ ဈေးက အများကြီးကုန်ဦးမှာဖြစ်ပါတယ်။ ဒီလိုဆိုရင် ဒီတံတား တစ်ခုတည်းနဲ့ ပြီးမှာလား။ နောင် တံတားတွေရော မဆောက်ဘူးလား။ အဲဒီအခါကျတော့ ဘယ်က ပိုက်ဆံက ရမှာလဲ။ အဲလိုအခြေအနေမျိုးလည်း ရှိပါတယ်။ အခု ကျွန်တော်တို့ ကောက်နေတာဟာ ကိုယ်ပိုင်ယာဉ်နဲ့ ကျောင်းကြိုပို့ယာဉ်က (၁၀၀)ပါ။ ခရီးသည်တင်ဘတ်စ်ကားကြီးက (၃၀၀)ဖြစ်ပါ တယ်။ အများစုက (၁၀၀)၊(၃၀၀)၊ (၃၀၀)ပဲဖြစ်ပါတယ်။ အောက်က ကားကြီးတဲ့ဟာမှ (၂၀၀၀)အထိ ဖြစ်တာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီ (၁၀၀)အတွက်တော့ဖြင့် ကျွန်တော့်အနေနဲ့ သိပ်ပြီးတော့ ဝန်ထုပ် ဝန်ပိုးမဖြစ်ကြစေချင်ပါဘူး။

အဲဒါကြောင့်မို့ ကျွန်တော်က လွှတ်တော်ကိုယ်စားလှယ်ကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကြီးရော၊ ပြည်သူလူထုကိုရော ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။ ဒီတံတားတွေဘာကြောင့် ကောက်ရသလဲ၊ ဒီတံတားတွေက ကျွန်တော်တို့ အခု တိုင်းပြည်ကြီးက ရထားက ရှုံးနေတယ်။ ခဏခဏလည်းကျွန်တော်ပြောပါတယ်။ မနှစ်က ဝင်တဲ့ငွေက(၇၀)ဘီလီယံ၊ အသုံးစရိတ်ငွေ (၁၂၇) ဘီလီယံကျော်ဖြစ်၍ (၅၇)ဘီလီယံ၊ ကျွန်တော်တို့ ရှုံးနေပါတယ်။ ရှုံးရင် ရထားက ဘယ်တော့ဖြစ်ဖြစ် ရထားလက်မှတ်ခနဲ့ ကုန်တန်ဆာခလောက်နဲ့ ဘယ်နိုင်ငံမှာမှ မရပ်တည်နိုင်ပါဘူး။ သူက ဘာနဲ့သွားရလဲဆိုရင် diversify လုပ်ရပါတယ်။ အခြားသော ဝင်ငွေတွေ ရှာရပါတယ်။ ခုလောလောဆယ်တော့ ဒီဟာကို တံတားပေါ်က နေရှာနေတာပဲလို့ ပြောစရာတော့ ရှိပါတယ်။ အမှန်ပြောရရင်တော့ သူများနိုင်ငံက တံတားပေါ်က မကောက်တော့ဘူး။ သူက ဘယ်ထဲက ကောက်လိုက်လဲ၊ Fuel Taxဓာတ်ဆီတစ်ဂါလန် ဝယ်လိုက်တိုင်း(၁၀)(၁၀၀) သို့မဟုတ် ထည့်တောင်းလိုက်တယ်။ အဲဒီဟာကို ဒီဘက်ကို ခွဲပေးလိုက်တယ်။ ဒါလည်း နည်းရှိပါတယ်။ ဒါပေမဲ့ လောလောဆယ် ကျွန်တော်တို့က အဲဒီဟာတွေကို လောလောဆယ် မပြင်နိုင်သေးဘူး။ တင်ဒါက (၃)နှစ်ပေးထားတယ်။ (၃)နှစ်ပေးထားတာကြီးကို ချက်ချင်းကြီး ဖျက်လိုက်ရင် သူစိုက်ထားတဲ့ ငွေတွေနဲ့ သူ့ဟာတွေ ခုနတုန်းက CCTV တွေလည်း တပ်ထားတယ်။ Weight Bridge ပြင်ထားတယ်။ အဲဒီ စည်ပင်သာယာရဲ့ ဒီဘက်က Approach လုပ်ငန်းကိုလည်း ဝင်ပြီးတော့ ကူပြီးတော့ ဆောင်ရွက်ထားတဲ့အတွက်ကြောင့် ကျွန်တော်တို့ဒီဟာကို လောလောဆယ်တော့ ဒီဟာကြီး ဖြေလျှော့ပေးနိုင်ခြင်း မရှိသေးပါဘူး။ ကျွန်တော့်ရဲ့ တင်ဒါသက်တမ်း(၃)နှစ် ကုန်တဲ့အထိ (၃)နှစ်ကုန်သို့မဟုတ်ဒီဟာကိုပြောင်းပြီးတော့ ခုနတုန်းကကောက်တဲ့နည်းကိုပြောင်းလို့ရပါတယ်။ အဲလိုနည်းနဲ့ပြောင်းရင်ပြောင်း၊ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ လောလောဆယ် အခက်အခဲရှိတဲ့အကြောင်း၊ ဖြေလျှော့ပေးနိုင်ခြင်း မရှိသေးတဲ့အကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံ့ဝန်ထမ်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က နိုင်ငံ့ဝန်ထမ်းဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းအား ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက် ၂၀ - ၉ -၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊၁၁း၀၉။**

**ဦးစိုးသိန်း(ခ) ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ၊ ကြွရောက်လာသော ဧည့်သည်တော်များ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ကျန်းမာစေ ကြောင်း ဆုမွန်တောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ) ဦးမောင်စိုး ဖြစ်ပါတယ်။ အခု ကျွန်တော်ဆွေးနွေးမှာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်သမ္မတက ပြင်ဆင်ရန် ပေးပို့လာတဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်အတည်ပြုချက်နဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် ကွဲပြားတဲ့ ပုဒ်မ ၂၄ ကို ပြင်ဆင်ဆွေးနွေးရန် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုဖို့တောင်းခံအပ်ပါတယ်။ ဒီ ပုဒ်မ ၂၄ မှာ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော် အတည်ပြုချက် ကွဲလွဲချက်က အမျိုးသားလွှတ်တော်က နိုင်ငံ့ဝန်ထမ်းဥပဒေ ၂၄ ၏အောက်တွင်လို့ အတည်ပြုထားပြီးတော့ ပြည်သူ့လွှတ်တော်က နိုင်ငံ့ဝန်ထမ်းဥပဒေ ၂၄ ၏နောက်တွင်လို့ အတည်ပြုထားတာဖြစ်ပါတယ်။ နောက်ပြီး အမျိုးသားလွှတ်တော်က ပုဒ်မ ၂၄ (က)အဖြစ် အောက်ပါအတိုင်း အသစ်အစားထိုးရမယ်လို့ အတည်ပြုထားပြီးတော့ ပြည်သူ့လွှတ်တော် ကတော့ ပုဒ်မ ၂၄ (က)အဖြစ် အောက်ပါအတိုင်း အစားထိုးရမယ်လို့ အသစ်ဆိုတဲ့စကားရပ်ကို ပယ်ဖျက်ထားတာတွေ့ရပါတယ်။ ၂၄ (က)ပြဋ္ဌာန်းချက်ကတော့ ပြောင်းလဲမှုမရှိဘဲအတူတူ ဖြစ်ပါတယ်။ အသစ်ဖြည့်စွက်တဲ့ ပုဒ်မကို ညွှန်းတဲ့စကားရပ်ပဲ ကွဲလွဲတာဖြစ်ပါတယ်။ ဒီနေရာမှာ အောက်နဲ့ နောက်ကွဲလွဲချက်ဟာ အသေးအဖွဲကိစ္စလို့ ယူဆဖွယ်ရာ ပြောနိုင်ပေမယ့်လည်း ဒါပေမဲ့ ဥပဒေပြုရာမှာအသေးအဖွဲဟူ၍ မရှိဘဲနဲ့ အလေးအနက်ထားဆောင်ရွက်ရမှာဖြစ်တဲ့အတွက် အခုလို ကျွန်တော်က ဆွေးနွေးရခြင်းဖြစ်ပါတယ်။ ဒီကွဲလွဲချက်ဖြစ်တဲ့ ရေးထုံးကို သုံးသပ်ရာမှာ ရေးထုံးကွင်းဆက်ကို

လိုက်ကြည့်တဲ့အခါမှာ ပုဒ်မတစ်ခုကို ဖြည့်စွက်ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မများကို ဖြည့်စွက်ရာမှာလည်း နောက်ဆက်တွဲဇယားဖြင့် နောက်မှာဖော်ပြထားတာ တွေ့တာကတစ်ကြောင်း၊ နောက်ပြီးတော့ ၂၀၁၂ ခုနှစ် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်(၇)မှာအတည်ပြုထားတဲ့ ရေးထုံးတစ်ခုကိုသွားတွေ့ပါတယ်။ ဒါကတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးဥပဒေကို အထက်အောက်ကို မသုံးဘဲ အရှေ့အနောက်ကို သုံးထားတာ တွေ့ပါတယ်။

အဲဒီ ပုဒ်မ ၂ မှာ အနီရောင်နဲ့ဖော်ပြထားတယ်။ ပုဒ်မ ၂ မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးဥပဒေပုဒ်မ ၂၇ ၏နောက်တွင်လို့ဆိုတဲ့ နောက်တွင်ဆိုတဲ့စကားရပ်ကို သုံးထားတာ။ အောက်ပါ ပုဒ်မကို ပုဒ်မ ၂၇ (က)အဖြစ် ဖြည့်စွက်ရမည်လို့ ဒါ ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားတာကတစ်ကြောင်း တွေ့ရှိရပါတယ်။ အဲဒီလို ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားတာ ဖြစ်တဲ့အပြင် တနင်္လာနေ့က ပြည်ထောင်စုလွှတ်တော်က အတည်ပြုလိုက်တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး ဥပဒေမှာလည်း ပုဒ်မ ၃၄ (က)မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ထားတာ ပုဒ်မ ၂၄ ၏နောက်တွင်ဆိုတဲ့ စကားရပ်ကို တစ်နေ့ကပဲ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်က အတည်ပြုလိုက်တာဖြစ်တဲ့အတွက် ဒီသဲလွန်စကို ကြည့်ခြင်းအားဖြင့် ပုဒ်မ ၂၄ ၏နောက်တွင် ဆိုတဲ့စကားရပ်ဟာစကားရပ်နဲ့ ဖြည့်စွက်ရမည်ဆိုသောစကားရပ်က လွှတ်တော်၏အစဉ်အလာနဲ့ ထုံးတမ်းနဲ့ကိုက်ညီမှုရှိတယ်လို့ သုံးသပ်မိတဲ့အတွက် ကျွန်တော့်အနေနဲ့ ပြင်ဆင်ချင်တာက ဒီပြင်ဆင်ချက်ကို တိကျသေချာတဲ့ ပြင်ဆင်ချက်ဖြစ်အောင် ကျွန်တော်တို့ Legal ဖြစ်အောင်ပြင်မယ်ဆိုရင်တော့ “၏”ဆိုတဲ့စကားရပ်ကို ဖြုတ်ပြီးတော့ “အောက်ပါ”ဆိုတဲ့ စကားရပ်ကို ပုဒ်မ ၂၄ ရဲ့ ရှေ့မှာထားခြင်းအားဖြင့် ဒါဟာ ပိုပြီးတော့ Legal ဖြစ်မယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ်မိတဲ့အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၄ ၏၊ "၏" မပါတော့ဘဲနဲ့ ပုဒ်မ ၂၄ နောက်တွင် အောက်ပါပုဒ်မကို ပုဒ်မ ၂၄ (က)ဖြင့် ဖြည့်စွက်ရမည်လို့ ပြင်ဆင်ရန် အကြံပြုရင်းနဲ့ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**အချိန်၊၁၁း၁၃။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊၁၁း၁၃။**

**ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအမှူးပြု၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့်ကြွရောက်လာသောပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးကျော်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေရာမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ရဲ့ ကွဲပြားတဲ့အချက်ထဲက (၃)ချက် ဆွေးနွေးဖို့ ရှိတာပါ။

ပထမတုန်းကတော့ ကျွန်တော်က ပြည်သူ့လွှတ်တော်ဘက်ကတင်ထားတဲ့ အချက်(၁)ခုကို ထောက်ခံဖို့အတွက် ကျွန်တော်စာရင်းပေးလိုက်ပါတယ်။ တကယ့်တကယ် အသေးစိတ် ကျွန်တော် သဒ္ဒါစာအုပ်တွေနဲ့ ပြန်လေ့လာတိုက်ဆိုင်ကြည့်တဲ့အခါမှာ သဒ္ဒါစည်းကမ်းနဲ့ ကိုက်ညီတာကြောင့်ဖြစ်တဲ့အတွက် ကျွန်တော် အမျိုးသားလွှတ်တော်ဘက်က အချက်ကို ပယ်မှာလဲဆိုရင် ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဌ)မှာ ပြည်သူကို ရိုသေလေးစားစွာဖြင့် ဝန်ဆောင်မှုပေးခြင်းဆိုတဲ့ အသုံးအနှုန်းကို အတည်ပြုဖို့ ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

ဒီနေရာမှာ ပြည်သူကိုရိုသေလေးစားစွာဖြင့်ဆိုတဲ့ စာလုံးဟာ အမျိုးသားလွှတ်တော်က စာလုံးထည့်ထားတယ်။ ပြည်သူ့လွှတ်တော်ကတော့ "ဖြင့်" ဆိုတဲ့စာလုံးမပါဘဲနဲ့ ပြည်သူကို ရိုသေလေးစားစွာ ဝန်ဆောင်မှုပေးခြင်းလို့ ရေးထားတာ တွေ့ရပါတယ်။ အဲဒီတော့ ဒီနေရာမှာ "ဖြင့်" ဆိုတဲ့စာလုံးလေးဟာ ဘယ်လို အဓိပ္ပာယ်သက်ရောက်စေသလဲဆိုတာထက် ပြောချင်တာကတော့ ကျွန်တော်တို့ ရုံးသုံးအဖြစ် သတ်မှတ်တဲ့ မြန်မာစာကို ဥပဒေပြုတဲ့ ကျွန်တော်တို့ရဲ့ လွှတ်တော်ကြီးက လွဲမှားပြီးတော့ ပြဋ္ဌာန်းမိရင် ဒါမဖြစ်သင့်တဲ့ကိစ္စဖြစ်ပါတယ်။ မြန်မာသဒ္ဒါစည်းကမ်းနဲ့ကိုက်ညီဖို့ လိုအပ်ပါတယ်။ အဲဒီမှာပြည်သူ့လွှတ်တော်က ကျွန်တော်ပြန်ပြီးတော့လေ့လာကြည့်ပါတယ်။ အဲဒီဘက်မှာ ဆွေးနွေးတဲ့အကြောင်းကို ကျွန်တော် နောက်ကြောင်းပြန်လေ့လာတဲ့အခါကျတော့ ပြည်သူကို ရိုသေလေးစားစွာဝန်ဆောင်မှုပေးခြင်းဆိုတဲ့ အသုံးအနှုန်းကို ဘာကြောင့်သုံးရလဲဆိုရင်"စွာ"လို့ ရေးပြီးသွားရင်"ဖြင့်"ရေးစရာမလိုတော့တဲ့ စည်းကမ်းရှိပါတယ်။ အဲဒါသည် အမှတ်တမဲ့အားဖြင့် မှန်တယ်။ ကျွန်တော်ကိုယ်တိုင် ယောင် ဝါး ပါတယ်။

သို့သော် ပြောချင်တာကတော့ ရိုသေလေးစားစွာ ဆိုတာသည် ကြိယာဝိသေသန၊ ကြိယာဝိသေသနသည် ကြိယာကို အထူးပြုရမှာဖြစ်ပါတယ်။ အဲဒီအခါမှာ တကယ် "ဖြင့်" ဆိုတာကို ဖြုတ်ပြီးတော့ ပြည်သူကို ရိုသေလေးစားစွာ ဝန်ဆောင်မှုပေးခြင်းဆိုတဲ့အစား ဝန်ဆောင်မှုပေးရမည် လို့ရေးမှသာလျှင် သဒ္ဒါအသုံးအနှုန်းမှန်ကန်မှာ ဖြစ်ပါတယ်။ အဲဒီတော့ အခု ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဘက်က ပြောတဲ့အချက်ကို ကျွန်တော် ကြည့်တဲ့အခါကျတော့ "ဖြင့်"နဲ့ "နှင့် " အသုံးကို သဒ္ဒါဆရာကြီး ဦးဖေမောင်တင် ကျွန်တော်တို့ ကလေးဘဝတုန်းက သင်ခဲ့တဲ့ သဒ္ဒါကျမ်းမှာ ဆရာကြီး ဦးဖေမောင်တင် ဆိုတာကတော့ ရန်ကုန်တက္ကသိုလ်ရဲ့ ကျောင်းအုပ်ကြီးဟောင်းပေါ့နော်။ အဲဒီတော့ သူ့ကို ကိုးကားလိုက်တဲ့အခါမှာ "နှင့်" နဲ့"ဖြင့်" ကို အသုံးခံကို ပြသည့်နောက်ဆက်အဖြစ် သတ်မှတ်ပါတယ်။ အဲဒီနောက်ဆက်က ကြိယာနဲ့ နာမ်ကို ဆက်စပ်ရပါတယ်။ အခုကျွန်တော်တို့ အမျိုးသားလွှတ်တော်က ပြဋ္ဌာန်းထားတဲ့အထဲမှာ ပြည်သူကိုလေးစားစွာဖြင့် ဝန်ဆောင်မှုပေးခြင်းလို့ ပြောတဲ့အခါမှာ ဝန်ဆောင်မှုပေးခြင်းသည် ကြိယာအစစ် မဟုတ်တော့ပါဘူး။ ကြိယာနာမ်ဖြစ်သွားပါပြီ။ ကြိယာနာမ်ကို "ဖြင့်" နဲ့တွဲမှသာလျှင် မှန်ကန်တဲ့ အသုံးအနှုန်းဖြစ်ပါတယ်။

ကျွန်တော် ဥပမာအားဖြင့်ပေးမယ်ဆိုရင် ကျွန်တော်တို့ဟာ လေးစားအပ်တဲ့ လူကြီးတွေကို စာရေးတဲ့အခါမှာ နောက်ဆုံးလက်မှတ်ထိုးတဲ့ အချိန်မှာ လေးစားစွာဖြင့် လို့ရေးပြီးတော့မှ လက်မှတ် ထိုးပါတယ်။ အောက်က မောင်ဘယ်သူ၊ မောင်ဘယ်ဝါ စဉ်းစားကြည့်နိုင်ပါတယ်။ လေးစားစွာပြီးတော့မှအောက်ကမောင်ဘယ်သူ၊ မောင်ဘယ်ဝါဆိုရင် ဒီစာတမ်းဟာ ထစ်ထစ်ငေါ့ငေါ့နဲ့

အခိပ္ပာယ်ပျောက်ဆုံးသွားပါတယ်။ အောက်ခြေကနာမ်ဖြစ်မယ်ဆိုရင် လေးစားစွာဖြင့်လို့ ရေးမှသာလျှင် လေးစားစွာကို အသုံးပြုခြင်းလို့ အခိပ္ပာယ်သက်ရောက်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ဖြစ်တဲ့ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဌ)ကို ပြည်သူကို ရိုသေလေးစားစွာဖြင့် ဝန်ဆောင်မှုပေးခြင်းလို့ ရေးမှသာလျှင်မှန်ကန်မှာ ဖြစ်ပါတယ်။

နောက် တစ်ပိုဒ်အနေနဲ့ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒါကတော့ ပုဒ်မ ၂၄ မှာ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ကွဲပြားတဲ့စာလုံးကတော့ နည်းနည်းလေးပါ။ နိုင်ငံ့ ဝန်ထမ်းဥပဒေ၏ ပုဒ်မ ၂၄ အောက်တွင်ဆိုတဲ့စာသားနဲ့ နောက်တွင်ဆိုတဲ့စာသားဖြစ်ပါတယ်။ သူက တိုတိုလေးပဲ ပြောပြလိုက်ပါမယ်။ ပုဒ်မ ၂၄ ရဲ့ ပုဒ်မခွဲ ၂၄(က)သည် ပုဒ်မ ၂၄ ၏ အစိတ်အပိုင်း သာလျှင်ဖြစ်ပါတယ်။ အောက်မှာလည်း မဟုတ်ပါဘူး။ နောက်မှာလည်း မဟုတ်ပါဘူး။ ဖြုတ်ရမှာက အဲဒီ ၏ ရော၊ အောက်ရော၊ နောက်ရောကို ဖြုတ်ပြီးတော့ ရေးသားရမယ့် စာသားအသစ် ဖြစ်ပါတယ်။ အဲဒါကတော့ ကျွန်တော်ဖတ်ပြပါမယ်။ ကျွန်တော်တင်ပြချင်တဲ့ ပြင်ဆင်ချက်အသစ်ကတော့ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၄ တွင် ပုဒ်မ ၂၄ (က)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် ဆိုတဲ့စာသားပဲ ဖြစ်ပါတယ်။ အနှစ်ချုပ်အားဖြင့်ပြောမယ်ဆိုလို့ရှိရင်တော့ ၏ရယ်၊ အောက်ရယ်၊ နောက်ရယ် နှစ်ခုစလုံး ဖြုတ်ပယ်မှသာလျှင် ပုဒ်မ ၂၄ ရဲ့ အစိတ်အပိုင်းကို ဖော်ပြရာရောက်ပါတယ်။ ဒါဟာ သဒ္ဒါ ရေးထုံး စည်းကမ်း ဖြစ်ပါတယ်။

နောက်ဆုံး ကျွန်တော် ကွဲလွဲချက်တစ်ချက်ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ရဲ့ ခြေဆင်းကိုအမျိုးသားလွှတ်တော်က ဝန်ထမ်းနှင့်သက်ဆိုင်သည့် ပင်စင်အမျိုးအစားများမှာ အောက်ပါ အတိုင်းဖြစ်သည်လို့ ရေးပါတယ်။ အဲဒီ အသုံးအနှုန်းအားဖြင့် တိကျမှုကို ပျက်ပြားစေပါတယ်။ ဘာကြောင့်လဲဆိုတော့ ပင်စင်အမျိုးအစား(၇)မျိုးရှိပါတယ်။ အဲဒီ(၇)မျိုးသည် ဝန်ထမ်းနဲ့သက်ဆိုင် တယ်ဆိုရင် အဲဒီ ဝန်ထမ်းဟာ (၇)မျိုးစလုံးကို ပြိုင်တူခံစားခွင့် ရှိသလိုလို သက်ရောက်သွားပါတယ်။ သက်ပြည့်ပင်စင်၊ နှစ်ပြည့်ပင်စင်၊ ကျန်းမာရေးပင်စင်များကို တစ်ပြိုင်နက်ခံစားခွင့်မရှိပါဘူး။ ဝန်ထမ်း တစ်ယောက်ဟာ အသက်လည်းပြည့်တယ်၊ နှစ်လည်းပြည့်တယ်။ ကျန်းမာရေးလည်း မကောင်းဘူး ဆိုရင် (၃)ခုစလုံး ခံစားမယ်ဆိုရင် အခိပ္ပာယ် မရှိပါဘူး။ အဲဒီတော့ တကယ်မူလစာသားဖြစ်တဲ့ ဝန်ထမ်းသည် အောက်ပါ ပင်စင်အမျိုးအစားများအနက် တစ်မျိုးမျိုးကို ခံစားခွင့်ရှိသည်။ တစ်မျိုးပဲ ခံစားခွင့်ရှိရမှာ ဖြစ်ပါတယ်။ ဒါဟာ အခိပ္ပာယ်ရဲ့ တိကျမှု ပြည့်စုံမှုကို ပြောပါတယ်။

ဒီနေရာမှာ ကျွန်တော် ထပ်ပြီးတော့ ပြောချင်တာကဘာလဲဆိုရင် အသုံးအနှုန်းဖြစ်ပါတယ်။ အဲ့ဒါဟာ Uniform တစ်ညီတစ်ညာတည်းဖြစ်ခြင်း၊ Sequentiallyအစီအစဉ်တကျဖြစ်ခြင်းကို ကျွန်တော်နှိုင်းယှဉ်ပြောပြရမယ်ဆိုရင် ဒီအောက်ပါအတိုင်းဖြစ်သည် ဆိုတဲ့ အသုံးအနှုန်းဟာ ကြားထဲကဖောက်ပြီး ဖော်ပြသလို ဖြစ်နေပါတယ်။ တကယ့် တကယ်အားဖြင့်ပြောရရင် ကျွန်တော်တို့ပုဒ်မ ၂ မှာ ဒီလိုရေး ပါတယ်။ အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အခိပ္ပာယ်သက်ရောက်စေရမည်။

နောက်တစ်ခါ ပုဒ်မ ၁၀ မှာဝန်ထမ်းသည် အောက်ပါတို့ကို လိုက်နာရန်တာဝန်ရှိသည်။ အောက်ပါ တို့ရယ်၊ သည်ရယ် နဲ့ပဲ သူကတည်ဆောက်ပါတယ်။ ၁၁ မှာလည်းပဲ ဝန်ထမ်းသည်

အောက်ပါ အခြေခံအခွင့်အရေးများကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည်။ အဲသလိုပါပဲ။ ပုဒ်မ ၁၄ မှာ အောက်ပါ ခွင့်များကို ခံစားခွင့်ရှိသည်။ အဲဒီတော့ အဲဒါနဲ့ Uniformly ဖြစ်ခြင်းကတော့ အောက်ပါပင်စင် အမျိုးအစားများအနက် တစ်မျိုးမျိုးကို ခံစားခွင့်ရှိသည်သာလျှင် တစ်ပုံစံကျ ပုံစံကျUniformly,Sequentially အစီအစဉ်တကျ ဖြစ်ပါတယ်။ဒါကြောင့်မို့လို့ ကျွန်တော်ကမူလဥပဒေပါအတိုင်းပြဋ္ဌာန်းထားဖို့ ကျွန်တော်က တင်ပြလိုခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊၁၁း၂၀။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် သတ္တမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊၁၁း၂၀။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး သတ္တမနေ့ကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၁း၂၀နာရီ အချိန်တွင် ရပ်နားပါသည်။]